ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်၊ သောကြာနေ့၊ (22-6-2007) (၅၃၅၆)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အမျိုးသားညီလာခံကို ဇူလိုင် ၁၈ ရက်တွင် နောက်ဆုံးအကြိမ်အဖြစ် ပြန်လည်ကျင်းပတော့မည် ဆပ်ကော်မတီအသီးသီးအနေဖြင့် လုပ်ငန်းဆိုင်ရာကဏ္ဍများအလိုက် ပြီးပြည့်စုံစွာ ဆောင်ရွက်ဖိုးရာသီဖြစ်၍ ကိုယ်စားလှယ်များ၏ တည်းခိုဆောင်များ မီးလုံလေလုံမှုရှိစေရန် ကြိုတင်ပြင်ဆင် ညှော်ကျွေးမွေးရေး၊ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သွားလာရေး အဆင်ပြေချောမွေ့ရန်စီစဉ်



နေပြည်တော် ဇွန် ၂၁

**အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်ဆွေးနွေးမှာကြားသည်။**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စီမံခန့်ခွဲမှုကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားညီလာခံကို ၂၀၀၇ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ နောက်ဆုံးအကြိမ်အဖြစ် ပြန်လည်ကျင်းပတော့မည်ဖြစ်ရာ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

**ဆွေးနွေး မှာကြား**

**အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။**

(သတင်းစဉ်)



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၂၂-၆-၂၀၀၇
(သောကြာနေ့)

# ပညာရေးတိုးတက်ပြောင်းလဲမှုများ ဆည်းပူးလေ့လာ လူငယ်များ စိတ်ဓာတ်အခြေခံမြင့်မားရေး လေ့ကျင့်ပျိုးထောင်

နိုင်ငံနှင့်လူမျိုး၏ အနာဂတ်ရှင်သန်ဖွံ့ဖြိုးရေးသည် မျက်မှောက်ခေတ် လူငယ်များ၏ လက်ဝယ်တွင်ရှိသကဲ့သို့ လူငယ်များ၏ အရည်အချင်း၊ အတတ်ပညာနှင့် စိတ်ဓာတ်ခံယူချက်များ ပြည့်စုံရေးသည်လည်း ယနေ့ပညာရေးကဏ္ဍ၏ စွမ်းဆောင်ပေးနိုင်မှုအပေါ်တွင် မူတည်နေသည်။

ထို့ကြောင့် ပညာရေးကဏ္ဍ၏ ပင်မစွမ်းအားစုများဖြစ်သော ဆရာ၊ ဆရာမများအနေဖြင့် လူငယ်များ၏ ပညာစွမ်းရည် တိုးတက်မြင့်မားနေစေရေးအတွက် အသိပညာ၊ အတတ်ပညာများကို လေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်သည်။ လူငယ်များ၏ ရည်မှန်းချက်များနှင့် နိုင်ငံ၏အကျိုးစီးပွား ဆီလျော်ညီညွတ်မှုရှိစေရန် လမ်းမှန်ကို ညွှန်ပြထိန်းကျောင်းပေးကြရမည် ဖြစ်သည်။

အထူးသဖြင့် ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်း၏ ဝါသနာ၊ ဗီဇ၊ ကိုယ်ရည်ကိုယ်သွေးနှင့် ကြိုးစားအားထုတ်မှုတို့ကို ဖော်ထုတ်ပြီး ပညာရပ်အလိုက် အစွမ်းကုန် ဖွံ့ဖြိုးတိုးတက်လာစေရန် သွန်သင်ပျိုးထောင်ပေးကြရမည် ဖြစ်သည်။ တစ်ချိန်တည်းတွင် စာပေပညာ တတ်သိကျွမ်းကျင် တတ်မြောက်ရုံသာမက စာရိတ္တကြံ့ခိုင်မှု၊ စိတ်ထားမွန်မြတ်မှု၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးမှုစသည့် စိတ်ဓာတ်အခြေခံကောင်းများ ရရှိစေရေးအတွက်လည်း အသိပညာပေးကြရမည် ဖြစ်သည်။

ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများနှင့် အစဉ်ထိတွေ့နေသူများဖြစ်သည်။ အဆိုပါပညာရှင်တို့၏ ကျောင်းတွင်းကျောင်းပြင် နိစ္စဓူဝ ပြုမူဆောင်ရွက်ချက်တိုင်းသည် ပညာရေးဆိုင်ရာ မျှော်မှန်းချက်များ အောင်မြင်ရေးအတွက် အရေးပါလျက်ရှိသည်။

ဆရာ၊ ဆရာမများအားလုံးက ပညာရပ်ဆိုင်ရာ တိုးတက်ပြောင်းလဲမှုများကို မျက်ခြည်မပြတ် လေ့လာဆည်းပူးရင်း လူငယ်များအား မိမိတို့ တတ်ကျွမ်းထားသည့်ပညာရပ်များ လေ့ကျင့်ပျိုးထောင် သင်ကြားပေးခြင်းဖြင့် အရည်အချင်းပြည့်ဝသော နိုင်ငံ့သားကောင်းသမီးမွန်များ ဆက်လက်ပေါ်ထွက်လာမည်ဖြစ်ပါသည်။ ။




အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်မိဘများဖြစ်ကြသော ဦးပန်းမြိုင်-ဒေါ်အေးလှိုင်၊ ဦးဘချစ်တင်-ဒေါ်တင်တင်တို့အားအမှူးထား၍ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၆ လမ်းနေ ဦးအောင်သောင်း-ဒေါ်တင်တင်နွယ်မိသားစုတို့က အလှူငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ပညာသင်ထောက်ပံ့ကြေး၊ သင်ထောက်ကူပစ္စည်း ပေးအပ်ပွဲနှင့် ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနားများသို့ တက်ရောက်

နေပြည်တော် ဇွန် ၂၁

**တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲနှင့် သင်ထောက်ကူပစ္စည်း ပေးအပ်ပွဲကို ဇွန် ၁၃ ရက် မွန်းလွဲပိုင်းက တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တပ်နယ်တပ်ရင်းတပ်ဖွဲ့မှူးများ၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။**

### ရှင်းလင်း

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက ပညာရေးကဏ္ဍ မြင့်တင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းအမှာစကား ပြောကြားသည်။

### ပေးအပ်

ထို့နောက် တိုင်းမှူးက ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ပညာသင်ကြားနေသည့် တိုင်းစစ်ဌာနချုပ်မှ အခြေခံပညာအထက်တန်းနှင့် အလယ်တန်း ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်ပြီး တိုင်းမှူး၏ဇနီးမှ ကျောင်းဝင်ကြေးများနှင့် မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံး ဗလာစာအုပ်များအား မိသားစုဝင် ကိုယ်စားလှယ်တစ်ဦးထံသို့ ပေးအပ်သည်။

ထို့နောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းက ကျိုင်းတုံမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းများတွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်ရန်နှင့် သင်ထောက်ကူ ပစ္စည်းများအတွက် အလှူငွေများအား ကျောင်းအုပ်ချုပ်မှုတာဝန်ခံများထံသို့ ထောက်ပံ့ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲနှင့် သင်ထောက်ကူပစ္စည်း ပေးအပ်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၁၃ ဦးအတွက် ကျောင်းအပ်နှံစရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာစရိတ် ထောက်ပံ့ငွေ စုစုပေါင်းကျပ် ၁၉၁၆၇၅၀ ထောက်ပံ့ပေးအပ်ပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၂၂၇ ဦးအတွက် လစဉ်ပညာသင်စရိတ် စုစုပေါင်းမှာ ငွေကျပ် ၄၆၈၀၀ နှင့် ကျိုင်းတုံမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းများတွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်ရန်နှင့် သင်ထောက်ကူပစ္စည်းများအတွက် အသုံးပြုရန် ငွေကျပ် သိန်း ၄၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

### တက်ရောက်

ဇွန်လ ၁၄ ရက် နံနက် ၉ နာရီတွင် တိုင်းမှူးသည် ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ ကျင်းပသည့် ၂၀၀၇ ခုနှစ် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ကျိုင်းတုံမြို့ စေတနာရှင် သွေးလှူရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာဝဏ္ဏစိုးက ကမ္ဘာ့သွေးလှူရှင်များနေ့နှင့် စေတနာရှင် သွေးလှူရှင်များအသင်းဖွဲ့စည်း၍ သွေးလှူဒါန်းခြင်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးက (၅၅)ကြိမ်မြောက် သွေးလှူရှင်များဖြစ်ကြသော ကျိုင်းတုံမြို့ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင် ဦးတိုးတိုးဝင်းနှင့် မိုင်းဆတ်မြို့ ကြက်ခြေနီတပ်ဖွဲ့ဝင် ဦးစိုင်းမြင့်သိန်းတို့ကို လည်းကောင်း၊ (၅၁)ကြိမ်မြောက် သွေးလှူရှင် ကျိုင်းတုံမြို့ အမှတ် (၁) ရပ်ကွက်နေ ဦးစိုင်းလုံးတစ်အားလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

### ချီးမြှင့်

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြူကြူလှက (၄၁)ကြိမ်မြောက် သွေးလှူရှင်များဖြစ်သော မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှ ဦးစိုင်းလုံ၊ ဒုအရာခံဗိုလ်အေးရွှေနှင့် အကြိမ်(၄၀)မြောက် သွေးလှူရှင် ကျိုင်းတုံမြို့ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင် ဦးနေဝင်းတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးမြအောင်တို့က အကြိမ်(၃၀)နှင့်အထက် သွေးလှူရှင် ၁၀ ဦးအားလည်းကောင်း၊ တွဲဖက်ပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်အောင်က အကြိမ်(၂၀)နှင့်အထက် သွေးလှူရှင် ၂၁ ဦး၊ (၁၀)ကြိမ်နှင့်အထက် သွေးလှူရှင် ၅၆ ဦး စုစုပေါင်း သွေးလှူရှင် ၈၇ ဦးတို့အား ဂုဏ်ပြုဆုများကို အသီးသီး ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် အလှူရှင်များက သွေးခံပုလင်းများကို လှူဒါန်းကြရာ ဖော်ဆေးဆိုင် ဦးသိန်းထိုက်-ဒေါ်နန်းပိုးတစ် မိသားစုက သွေးခံပုလင်း ၈၀ နှင့် ကျိုင်းတုံမြို့ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ကျန်းမာရေးစီမံချက် လက်ထောက် ဦးစိုးပန်းကြင်က သွေးခံပုလင်း ၅၀ တို့အား ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဌေးကြွယ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် သွေးလှူရှင်များ ကိုယ်စား (၅၅)ကြိမ်မြောက် သွေးလှူရှင် ဦးတိုးတိုးဝင်းက သွေးလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျောက်တံခါးဆရာတော်ကြီး ဂုဏ်ပြုပူဇော်မည်

ရန်ကုန် ဇွန် ၂၁

ကျောက်တံခါးမြို့ စာတိုက်ရပ်ကွက် ဦးစံကျော်လမ်း အသောကာရုံကျောင်းတိုက်၏ ပဓာန နာယက ဖြစ်တော်မူသောအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လ (ဥက္ကဋ္ဌ မြို့နယ်သံဃနာယကအဖွဲ့ ရွှေကျင်)ဆရာတော်ကြီးအား ရန်ကုန်ရောက် ကျောက်တံခါးမြို့နယ်သူ၊ နယ်သားများက ဂုဏ်ပြုပူဇော်ပွဲကို ဇွန် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ပူဇော် ကန်တော့ကြရန် ဖိတ်ကြားထားသည်။ (က-ပ)



# ပေ ၂၀၀ ပတ်လည်ရိပ်သာကျောင်းလှူဒါန်း

ရန်ကုန် ဇွန် ၂၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် နတ်မောက်လမ်း အမှတ်-၈၂ မိုးကုတ်ဝိပဿနာကျောင်း မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ချုပ်အဆောင်မှူးဆရာတော် ဦးပညာလင်္ကာရအား တာမွေမြို့နယ် မာန်အောင်ရပ်ကွက် အေးချမ်းသာယာလမ်းနေ ဦးလှသန်းမိသားစုက ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလဘောင်ကျေးရွာ အမှတ်(၃)လမ်းမကြီး ခြံအမှတ် ၃၊ ပေ၂၀၀ ပတ်လည်ရှိ စန္ဒာရုံဓမ္မရိပ်သာကျောင်းကို ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ကျောင်း၊ သိမ်၊ ဓမ္မာရုံ၊ ယောဂီဆောင်များ လှူဒါန်းလိုသူများ ဦးပညာလင်္ကာရ ဖုန်း-၀၉-၅၁၂၅၄၅၃၊ ဦးလှသန်း (အိမ်) ၅၄၁၉၁၆နှင့် ၀၉၅-၁၉၄၀၀၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)




**ရန်ကုန်မြို့ အရှေ့ရန်ကင်း ၁၂ လုံးတန်းနေ ကွယ်လွန်သူ ဗိုလ်မှူးသန်းဌေး (၈)နှစ်မြောက်အား ရည်စူး၍ ဒေါ်မြင့်ကြည်၊ သား မောင်သီဟဌေး၊ မဝင်းဝင်းဝါ၊ မြေး မောင်ထွန်းမြတ်ဌေးနှင့် ဗိုလ်ကြီး သူရိန်ထွန်း - မဥမ္မာဌေး မိသားစုတို့က သုံးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း) ထံပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)

# လူ့ဘောင်လောက သာယာစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးကြပါစို့

မောင်ဆွေဝင်း(ပဲခူး)

သဘာဝတရားအရ ရာသီဥတုစက်ဝန်းသည် အလှည့်ကျပုံမှန် ပြောင်းလဲလျက်ရှိရာ မိုးရာသီ အထူးသဖြင့် ယခုလို သဘာဝမိုးရေ အများဆုံးရရှိသော ကာလတွင် ကျွန်တော်တို့သည် မိမိတို့၏ လူ့ဘောင်လောက သာယာဝပြောစေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို ယခင်ကထက် အင်တိုက်အားတိုက် ဆောင်ရွက်ကြရတော့မည်ဖြစ်သည်။

ပထမဆုံး မြန်မာ့သစ်ပင်ပွဲတော်ကို ၁၉၅၄ ခုနှစ် ဇွန်လ ၂၇ ရက်တွင် စတင်ခဲ့ကြောင်း မှတ်သားရသည်။ ကမ္ဘာ့သစ်ပင်ပွဲတော်နေ့ကိုမူ နှစ်စဉ် ဇွန်လ ၁၇ ရက်တွင် ကျင်းပကြောင်း သိရသည်။ မည်သို့ပင်ဆိုစေကာမူ သစ်ပင်စိုက်ပျိုးရန် အသင့်တော်ဆုံးသော ယခုလို မိုးဦးကာလမျိုးတွင် စိုက်သင့်သည့်အပင်အားလုံး စိုက်ပျိုးကာ ပြုစုပျိုးထောင်ကြရမည်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်းဖြင့် မည်သို့သော အကျိုးကျေးဇူးများရရှိနိုင်သည်ကို အထူးရှင်းပြရန် လိုမည်မထင်ပါ။ **သင်တစ်သက်လုံး စိတ်ချမ်းသာလိုလျှင် သစ်ပင်စိုက်ပါ**ဟု တရုတ်ဆိုရိုးစကားတစ်ခုနှင့်ပင် လုံလောက်နေပါပြီ။ မြန်မာ့ဆိုရိုးတစ်ရပ်တွင်လည်း **သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားနိုင်** ဟု အထင်အရှားရှိပြီး ဖြစ်ပါသည်။

**နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစိုပြည်စေရမည်** ဟု ကြွေးကြော်ထားသော မြန်မာ့သစ်တော ဦးစီးဌာန၏ မြန်မာနိုင်ငံတစ်ဝန်း သစ်တောကြိုးဝိုင်း နယ်မြေများတွင် **ဥတုရာသီ တောကိုမှီ၏၊ တောတောင်စိမ်းမှ စမ်းရေရ၏၊ တောမဲ့မြေသား ရေတိုက်စား၏၊ တောတောင်တင့်တယ် စားကျက်ကြွယ်၏၊ တောတောင်စိမ်းစို သာယာပို၏၊ တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏၊ ရွှေပင် ရွှေခက် တောမှထွက်၏** စသော လှုံ့ဆော်စာတန်းများကို အနှံ့အပြား တွေ့နိုင်သည်။ **သစ်ပင်စိုက်ကြရာတွင်လည်း စီးပွားဖြစ်အပင်များ၊ အရိပ်ရအပင်များ၊ အသီးစားအပင်များ၊ အရွက်စားအပင်များနှင့် ပန်းအလှပင်များဟု အဓိကထား ခွဲခြားထားနိုင်သည်။ သို့သော်လည်း စိုက်ပျိုးသမျှ သစ်ပင်များသည် လူ့ဘောင်လောက သာယာရေးအတွက် မရှိမဖြစ် အပင်များဖြစ်ရာ ခေတ်မီတိုးတက်သော နည်းပညာများဖြင့် ဘက်စုံ စိုက်ပျိုးကြရမည်သာ ဖြစ်သည်။**

စင်စစ်တွင်လည်း သစ်ပင်များသည် မျှတကောင်းမွန်သော ရာသီဥတုဖြစ်ပေါ်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးသည်။ ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ကမ္ဘာ့အချို့ဒေသများတွင် ရာသီဥတုဖောက်ပြန်မှုများနှင့်ရင်ဆိုင်နေကြရသည်ဟု သိပ္ပံပညာရှင်များက စွပ်စွဲကြသည်။ ဤဖြစ်ရပ်များသည် စက်မှုထွန်းကားသော နိုင်ငံများ၏ မှန်လုံအိမ်အာနိသင်များနှင့်အတူ ကမ္ဘာပေါ်ရှိ သစ်ပင်သစ်တောများ ဆိုးရွားစွာ ပျက်စီး ပြုန်းတီးမှုကြောင့်လည်း ဖြစ်ရသည်ဟု ၎င်းတို့က ထောက်ပြကြသည်။ သစ်ပင်သစ်တောများ ပြုန်းတီးရသည့် အကြောင်းရင်းများကို လေ့လာကြည့်သောအခါ သစ်ပင်များကို စည်းမဲ့ကမ်းမဲ့ ခုတ်လှဲခြင်း၊ မီးရှို့ခြင်း၊ ရွှေ့ပြောင်းတောင်ယာများ စိုက်ပျိုးခြင်း၊ ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်း၊ စားကျက်ချခြင်း၊ အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ခြင်း၊ တောမီးလောင်ခြင်း၊ သစ်ပင်သစ်တောများ ရောဂါပိုးကျခြင်း စသော ဖြစ်ရပ်များကို တွေ့ကြရသည်။

သစ်ပင်များ ပြုန်းတီးသည့်ကိစ္စတွင် လူသားတို့၏ မဆင်မခြင် ဆောင်ရွက်မှုက အများဆုံးဖြစ်နေကြောင်း တွေ့ရမည်။ တချို့နိုင်ငံများက တိုင်းရင်းပေါက်ရောက်ပင်မျိုးစိတ်သစ်ပင်ပေါင်းများစွာကို သုတေသနစာရင်း ပြုစု၍ ဘေးမဲ့အပင်များအဖြစ် ဥပဒေသတ်မှတ်ပြဋ္ဌာန်း ကာကွယ်ထားကြသည်ကိုလည်း တွေ့ရသည်။ စင်စစ် သက်ရှိသတ္တဝါများနှင့် သစ်ပင်များသည် အပြန်အလှန် သဟဇာတ ဖြစ်လျက်ရှိသည်။ ရုက္ခဗေဒပညာရှင်များ၏ လေ့လာတင်ပြချက်အရ သစ်ပင်များသည် အောက်ဆီဂျင်နှင့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်များအပေါ်တွင် လွှမ်းမိုးမှုရှိကြောင်း၊ ရေငွေ့ပျံခြင်းဖြင့် လေထုထဲရှိအစိုဓာတ်ကို ထိန်းပေးထားကြောင်း၊ သစ်ပင်သစ်ရွက်များမှ အစာချက်လုပ်ခြင်းဖြင့် လေထုထဲရှိ အောက်ဆီဂျင်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ရာခိုင်နှုန်းကို ထိန်းညှိပေးထားကြောင်း သိရသည်။

သစ်ပင်နှင့် သက်ရှိသတ္တဝါများ၏ လောကဇီဝသဟာယကို သဘာဝတရားက ဆက်စပ်ပေးထားပုံမှာလည်း အံ့သြလောက်သည်။ သက်ရှိသတ္တဝါများက အောက်ဆီဂျင်ဓာတ်ကိုရှူ၍ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ကို ထုတ်လွှတ်သည်။ သစ်ပင်များကမူ အစာချက်ရာ၌ ကာဗွန်ဒိုင်အောက်ဆိုက်ကိုရှူ၍ အောက်ဆီဂျင်ကို ပြည်လည်ထုတ်လွှတ်သည်။ ဤသို့အားဖြင့် အပင်လောက၌ သတ္တလောက ဇီဝသဟာယမပျက်စီးစေရန် သဘာဝဥပဒေသက ထိန်းသိမ်းပေးထားသည်ကို တွေ့နိုင်သည်။

သစ်ပင်များသည် လူတို့အာဟာရအတွက် သီးနှံများသာမက ရောဂါဘယများအတွက်လည်း ပရဆေးများကို ဖော်ဆောင်ပေးသည်။ အစွမ်းထက်သော မြန်မာတိုင်းရင်းဆေးများတွင် သစ်ပင်၊ သစ်မြစ်၊ သစ်ဥများမပါ၍ မဖြစ်ပေ။ ထို့ပြင် ကမ္ဘာကြီးပူနွေးလာမှုကြောင့် အပူနှုန်းမြင့်လာရသည်။ အပင်များသေကျေ ပျက်စီးမှုများရသည်။ ထိုအခါ သဘာဝက ပေးအပ်ထားသော သားရဲတိရစ္ဆာန်တို့အတွက် အရိပ်အာဝါသ အေးမြသော တောရိပ်တောင်ရိပ်ရှားပါးလာသည်။ သဘာဝသားရဲတိရစ္ဆာန်မျိုးစိတ်များ တဖြည်းဖြည်း ပျောက်ကွယ်မျိုးသုဉ်းသောအဆင့်သို့ ရောက်ရသည်။

**လူသားတို့ကလည်း လောင်စာထင်းအဖြစ် သစ်ပင်များကို ခုတ်လှဲအသုံးပြုကြသည်။ ဤအချက်ကို နိုင်ငံအစိုးရတိုင်းက သတိပြုမိလာကြသည့်အလျောက် ထင်းအစားထိုးလောင်စာတောင့်များကို တီထွင်ထုတ်လုပ်ရန် တိုက်တွန်းအားပေးလာကြသည်။ ဤနည်းဖြင့်သစ်ပင်များကို ကာကွယ်စောင့်ရှောက်လာကြသည်။**

ယနေ့ကမ္ဘာပေါ်တွင် အကျပ်အတည်းဖြစ်နေသော လောင်စာဆီကိစ္စတွင်လည်း သစ်ပင်များ များစွာအထောက်အကူပြုသည်။ ဇီဝလောင်စာဆီဖွံ့ဖြိုးရေးကို နိုင်ငံတိုင်းက အာရုံစိုက်လာကြရသည်။ မြန်မာနိုင်ငံတွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ခြံစည်းရိုးကြက်ဆူဆီ၊ကြံ၊ ပီလောပီနံပင်များကို ဇီဝလောင်စာဆီအဖြစ် စိုက်ပျိုးနေကြရပြီဖြစ်သည်။

**လူ့ဘောင်လောက သာယာစိုပြည်ရေးအတွက် သစ်ပင်ပျိုးထောင်ကြရာတွင် တစ်နိုင်တစ်ပိုင်မှသည် နိုင်ငံတော်အတွက် အကျိုးရှိမည့် မည်သည့် သစ်ပင်စိုက်ပျိုးရေးမဆို ပျိုးထောင်ပြုစုကြရန် နိုင်ငံသားတိုင်းအား တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။**

သစ်ပင်စိုက်ကြရာတွင်လည်း စီးပွားဖြစ် အပင်များ၊ အရိပ်ရအပင်များ၊ အသီးစားအပင်များ၊ အရွက်စားအပင်များနှင့် ပန်းအလှပင်များဟု အဓိကထား ခွဲခြားထားနိုင်သည်။ သို့သော်လည်း စိုက်ပျိုးသမျှ သစ်ပင်များသည် လူ့ဘောင်လောက သာယာရေးအတွက် မရှိမဖြစ် အပင်များဖြစ်ရာ ခေတ်မီတိုးတက်သော နည်းပညာများဖြင့် ဘက်စုံ စိုက်ပျိုးကြရမည်သာ ဖြစ်သည်။

## FAO/OIE ရောဂါစစ်ဆေးရေး ကျွမ်းကျင်သူပညာရှင်များ၏ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး ဟောပြောပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၁**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးအစီအစဉ် Avian Influenza Programme Myanmar တို့ ပူးပေါင်းကျင်းပသည့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး ဟောပြောပွဲကို ယနေ့ မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ စီမံခန့်ခွဲရေးဆိုင်ရာ အကြီးတန်းအရာရှိများ၊ ပြည်နယ်/တိုင်းဦးစီးမှူးများနှင့် ဓာတ်ခွဲခန်း ပညာရှင်များ စုစုပေါင်း ၄၀ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး အစီအစဉ်မှ အကြီးတန်းပညာရပ်ဆိုင်ရာ အတိုင်ပင်ခံ Dr. Masao Sasaki က ကမ္ဘာ့နိုင်ငံအချို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှု အခြေအနေများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့တို့၏ ကြက်ငှက်တုပ်ကွေးရောဂါ ရည်ညွှန်းဓာတ်ခွဲခန်း (FAO/OIE Referance Laboratory) မှ အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် Dr. Alessandro Cristalli က ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေခြင်းနှင့် ကာကွယ်ထိန်းချုပ်ခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အကြံပေးအရာရှိ ဒေါက်တာသန်းလှက ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ နည်းပညာဆိုင်ရာ အတွေ့အကြုံများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းက ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံနှင့် နည်းလမ်းများ ခေါင်းစဉ်ဖြင့် လည်းကောင်း ဦးဆောင် ဆွေးနွေးကြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**



**သုဝဏ္ဏမြို့သစ် ကံ့ကော်မြိုင်လမ်းနေ ကွယ်လွန်သူ ဗိုလ်မှူးကြီးတင်မောင်မြင့်အား ရည်စူး၍ ဇနီးဒေါ်သန်းသန်းမြင့်မိသားစုက အလှူငွေကျပ် ၂၀၀၀၀၀၊ နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူးကြီးတင်မောင်မြင့်၊ ညီမလေး ဒေါ်ခင်ခင်မြင့်၊ ဒေါ်ခင်သန်းအေးတို့အား ရည်စူး၍ ကြေးပြားတစ်ချပ်၊ ဗိုလ်ကြီး ဒေါ်သန်းသန်းမြင့်(ငြိမ်း) မိသားစုက ကြေးပြား- တစ်ချပ်၊ ဦးမိုးသူရ-ဒေါ်အေးအေးမော်၊ သားမောင်မြတ်ထက် မိသားစုက ကြေးပြား တစ်ချပ်၊ သြစတြေးလျနိုင်ငံမှ ဦးတင်အောင်သန်း- ဒေါ်ဥမ္မာမြင့်၊ သမီး မနေခြည်တင် မိသားစုက ကြေးပြားတစ်ချပ်၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀ ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရမွှာစရိယ၊ မဟာဂန္ထဝါစက ပဏ္ဍိတ) ထံ လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။** (က-ပ)

# ဆိုနီအဲရစ်ဆင်ကုမ္ပဏီ ပေကျင်း၌ စက်ရုံသစ် တည်ဆောက်မည်

**ပေကျင်း ဇွန် ၂၁**

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် လက်ကိုင်ဖုန်းထုတ်လုပ်ရေး ဗဟိုဌာန တစ်ခုထားရှိပြီး စက်ရုံတည်ဆောက်ကာ ထုတ်လုပ်နိုင်ရေးအတွက် လုပ်ငန်းများကို ဆိုနီအဲရစ်ဆင်ကုမ္ပဏီက တနင်္လာနေ့တွင် စတင်နေပြီဖြစ်သည်။

တည်ဆောက်မည့် စက်ရုံသစ်၏ အကျယ်အဝန်းသည် စတုရန်းမီတာ ၁၈,၅၀၀ ရှိမည်ဖြစ်ပြီး ယင်းစက်ရုံမှ လက်ကိုင်ဖုန်းများ၊ လျှပ်စီးပတ်လမ်းဆားကစ်များကို ဈေးကွက်လိုအပ်ချက်နှင့်အညီ ထုတ်လုပ်ပေးမည်ဖြစ်သည်။

တရုတ်နိုင်ငံရှိ ဆိုနီအဲရစ်ဆင်ကုမ္ပဏီကို မဟာဗျူဟာ ဖွံ့ဖြိုးရေးအခြေခံစခန်းအဖြစ်လည်းအသုံးပြုမည်ဖြစ်ရာ ထိုဌာနတွင် ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ ကုန်ပစ္စည်းထုတ်လုပ်ခြင်း၊ သုတေသနပြုလုပ်ခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့်အပြင် ရောင်းချရေးနှင့် ဈေးကွက်ရှာဖွေရေးဌာနအဖြစ်လည်း အသုံးချသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုစက်ရုံသစ်အပြင် ဆိုနီအဲရစ်ဆင်ကုမ္ပဏီ၏ စက်ရုံဟောင်းနှစ်ခုလည်း ပေကျင်းမြို့၌တည်ရှိသည်။ ယင်းစက်ရုံဟောင်းနှစ်ရုံမှာ ပေကျင်း စီပူတီရင်မိုဘိုင်းကွန်မြူနီကေးရှင်းစက်ရုံနှင့်ပေကျင်းစုဟောင် အီလက်ထရွန်နစ် စက်ရုံတို့ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အဆောက်အအုံများ မီးလောင်နေသည်ကို ဇွန်၂၀ရက်ကတွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# တိုကျိုမြို့လယ်တွင် ပေါက်ကွဲမှုဖြစ်ပွား သုံးဦးသေဆုံးပြီး လူရှစ်ဦးဒဏ်ရာရရှိ

**တိုကျို ဇွန် ၁၉**

ဂျပန်နိုင်ငံ တိုကျိုမြို့ ရေပူစမ်းရေရှိသည့် အဆောက်အအုံတွင် ဇွန် ၁၉ ရက်က ပေါက်ကွဲမှုဖြစ်ပွားသဖြင့် အမျိုးသမီး သုံးဦးသေဆုံးပြီး အခြားလူရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ သေဆုံးသည့် အမျိုးသမီးသုံးဦးသည် တိုကျိုမြို့တော်ရှိ ရှိဘူယာရပ်ကွက်မှရေပူစမ်းရေရှိသည့်အဆောက်အအုံမှ ဝန်ထမ်းများဖြစ်ကြပြီး ပေါက်ကွဲမှုဖြစ်ပွားသည့် ညနေ ၂ နာရီခွဲတွင် သေဆုံးခဲ့ခြင်း ဖြစ်သည်။

ယင်းတွဲဖက်ဆောင်မှအခြားဝန်ထမ်းနှစ်ဦးဖြတ်သန်းသွားလာသူတစ်ဦးနှင့် ပင်မ အဆောက်အအုံရှိ လူငါးဦးသည် ပေါက်ကွဲမှုကြောင့် ဒဏ်ရာများရရှိသွားခဲ့သည်။

**ရွှေ့ပြောင်းခဲ့ရ**

သဘာဝဓာတ်ငွေ့ ယိုစိမ့် မီးလောင်ပြီး ပေါက်ကွဲမှုဖြစ်၍ တိုးချဲ့ဆောင်နှင့်အနီးရှိ အဆောက်အအုံများ ပျက်စီးခဲ့ခြင်းဖြစ်သည်ဟု ရဲက ပြောကြားသည်။ ရေပူစမ်း ရေချိုးသူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရသည်ဟု မီးသတ်ဌာနက ပြောကြားသည်။

အဆိုပါ အဆောက်အအုံသည် လူစည်ကားရာ တိုကျိုမြို့လယ်တွင် ရှိသည်။

***အင်တာနက်။***

# ဗီယက်နမ်အမျိုးသားနှစ်ဦး စိန်မှောင်ခိုထုတ်ရောင်းမှုဖြင့် ထောင်ဒဏ်ချမှတ်ခံရ

**ဟန္နိုင်း ဇွန် ၂၁**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့မှ လူနှစ်ဦးကို အမေရိကန်ဒေါ်လာ ၄၅၄၀၀၀ နီးပါးတန်ဖိုးရှိ စိန် ၆၂၆၇ လုံး မှောင်ခိုထုတ်မှုဖြင့် ထောင်ဒဏ်သုံးနှစ်နှင့် လေးနှစ် ပြစ်ဒဏ်ချမှတ်ကြောင်း ဒေသခံခရိုင်ရုံး လိုက်ဘရေးရှင်းသတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားသည်။

မြူနီစပယ် ပြည်သူ့တရားရုံးက အသက် ၄၂ နှစ်ရှိ ငုယင်ဟိုတိုင်ကို ထောင်ဒဏ်လေးနှစ်၊ အသက်၆၇ နှစ်ရှိ ထရမ်ဘင်တန်ကိုထောင်ဒဏ်သုံးနှစ်စီ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

၎င်းတို့သည် ဟောင်ကောင်နှင့် ထိုင်းနိုင်ငံသို့ လေယာဉ်ဖြင့် သွားရောက်ကာ ဗီယက်နမ်နိုင်ငံအတွင်း ၂၀၀၆ ခုနှစ် မတ်လနှင့် စက်တင်ဘာလအတွင်းက စိန်များ မှောင်ခိုခိုးရောင်းချခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်အကောက်ခွန်အရာရှိများက ထရမ်ဘင်တန်၏ ဝန်စည်စလယ်မှ စိန် ၄၂၈လုံး၊ ငုယင်ဟိုတိုင်၏ ဝန်စည်စလယ်မှစိန်၂၆၀၁လုံးကိုဟောင်ကောင်မှ ဟန္နိုင်းသို့ လာရောက်ရာတွင် ဖမ်းဆီးရရှိခဲ့သည်။

ဟန္နိုင်းမှ တခြားလူနှစ်ဦးသည် စိန်အချို့ကို အရောင်တင်ပေးပြီး ရောင်းချပေးမှုဖြင့် ဆိုင်းငံ့ပြစ်ဒဏ် နှစ်နှစ်စီ တရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့သည်။

***အင်တာနက်။***

# အာကာသစခန်းယာဉ်မှ အတ္တလန်တစ်ယာဉ်ထွက်ခွာ

**ဝါရှင်တန် ဇွန် ၁၉**

အမေရိကန်အာကာသလွန်းပြန်ယာဉ် အတ္တလန်တစ်သည်ဂရင်းနစ်စံတော်ချိန် အင်္ဂါနေ့ ၁၄၄၂ နာရီတွင် နိုင်ငံတကာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)မှ ထွက်ခွာခဲ့ကြောင်း၊ ၁၀ရက်ကြာဆောင်ရွက်သည့် ပူးတွဲလုပ်ငန်းကို အပြီးသတ်ခဲ့ကြောင်း နာဆာရုပ်မြင်သံကြားဌာနက ဖော်ပြသည်။

ဟူစတန်မစ်ရှင်ထိန်းချုပ်ရေးဌာန၊ အိုင်အက်စ်အက်စ်နှင့် အတ္တလန်တစ်တို့သည် လွန်းပြန်ယာဉ် ထွက်ခွာသွားခြင်းကို အတည်ပြုကြကြောင်း လွန်းပြန်ယာဉ်မှူး ဖရက်ဒရစ်စတားကောင်းက ပြောကြားသည်။

အတ္တလန်တစ် လွန်းပြန်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းယာဉ်သို့ ဇွန် ၁၀ရက်တွင် ရောက်ရှိခဲ့သည်။

***အင်တာနက်။***

# အမေရိကန် တောင်ကယ်ရိုလိုင်းနားတွင် မီးလောင် မီးသတ်သမားကိုးဦးသေဆုံး

**ချာလစ္စတန်(တောင်ကယ်ရိုလိုင်းနား) ဇွန် ၂၀**

အမေရိကန်နိုင်ငံ တောင်ကယ်ရိုလိုင်းနားပြည်နယ် ချာလစ္စတန်မြို့ရှိ ပရိဘောဂစတိုးဆိုင်နှင့် သိုလှောင်ရုံတို့ ဇွန် ၁၈ ရက်က မီးလောင်မှုဖြစ်ပွားပြီး အဆောက်အအုံပြိုကျသဖြင့် မီးသတ်သမားကိုးဦးသေဆုံးခဲ့ရကြောင်းသတင်းများက ဖော်ပြသည်။

ကုန်လှောင်ရုံအတွင်း၌ပရိဘောဂများ အပြည့်အသိပ်ရှိချိန် မီးသတ်သမားများ ငြိမ်းသတ်ရန် ကြိုးပမ်းနေခိုက် မီးရှိန်မြင့်လာပြီး အဆောက်အအုံမှာ ပြိုကျသွားသဖြင့် မီးသတ်သမားများ သေဆုံးရခြင်းဖြစ်သည်။

အမေရိကန်တွင် ၂၀၀၁ခုနှစ် စက်တင်ဘာလ ၁၁ ရက်က အကြမ်းဖက်ခံရချိန်တွင် မီးသတ်သမားနှင့် အရေးပေါ်ဆေးဝန်ထမ်း ၃၄၃ ဦးသေဆုံးခဲ့ရသည်။

အဆိုပါကိစ္စပြီးလျှင် မီးသတ်သမားကိုးဦးသေဆုံးရသော ယခုအဖြစ်အပျက်သည် ဝန်ထမ်းအများအပြား သေဆုံးရသော ဒုတိယအဖြစ်အပျက်ပင် ဖြစ်သည်ဟုမီးသတ်ဦးစီးဌာနက ပြောကြားသည်။

ချာလစ္စတန်မြို့ရှိ သမိုင်းဝင် အဆောက်အအုံများရှိရာ နေရာမှ ရှစ်ကီလိုမီတာအကွာတွင် တည်ရှိသည့် ဆိုဖာဆူပါ စတိုးကို ညနေ ၆နာရီခွဲ အချိန်တွင် စတင်လောင်ကျွမ်းခြင်းဖြစ်သည်။ မီးလောင်ပြီး တစ်နာရီခန့် အကြာတွင် ထိုအဆောက်အအုံ လုံးဝပြိုကျခဲ့သည်။

***အမ်အင်အေ၊ရိုက်တာ။***



**သြစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ် ကမ်းခြေ၌ ပင်လယ်လှိုင်းစီးသူတစ်ဦးကို ဇွန် ၂၁ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*






**ဂျာမနီနိုင်ငံ ဘာလင်တက္ကသိုလ်မှ သိပ္ပံပညာရှင်တစ်ဦး ဆေးဝါးသုတေသနလုပ်ငန်း ဆောင်ရွက်နေသည်ကို ဇွန် ၂၁ရက်က တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

# ထိုင်းတောင်ပိုင်းတွင် တိုက်ခိုက်မှုဖြစ်ပွား လေးဦး သေဆုံး

**ဗန်ကောက် ဇွန် ၂၀**

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနီပြည်နယ်တွင် သောင်းကျန်းသူများက ခရိုင်အကြီးအကဲနှင့် အရာရှိတစ်ဦးအပါအဝင် လူလေးဦးကို သတ်ဖြတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့ဆိုင်ရာ သတင်းများက ဇွန် ၁၉ ရက်က ပြောကြားသည်။

**သုံးနှစ်ကြာ**

ပတ္တနီပြည်နယ်ရှိ ကျောင်းတစ်ကျောင်းကို စစ်သွေးကြွများက မီးရှို့နေကြစဉ် တိုက်ခိုက်မှုဖြစ်ပွားရာ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားပြီး နှစ်ဦးဒဏ်ရာ ရရှိသွားသည်။ ထိုင်းတောင်ပိုင်းပြည်နယ်များ၌ တိုက်ခိုက်မှုများ သုံးနှစ်ကြာ ဖြစ်ပွားခဲ့ရာ၌ သေဆုံးရသူအရေအတွက် စုစုပေါင်း မှာ ၂၃၀၀ ကျော် ရှိသွားပြီ ဖြစ်သည်ဟု ဆိုသည်။

**စစ်ဆေး**

အင်္ဂါနေ့က ပတ္တနီဒေသ၌ ကျောင်းတစ်ကျောင်း မီးလောင်သည်ကို သွားရောက်စစ်ဆေးပြီးနောက် ကားနှင့်ပြန်လာကြစဉ် လမ်းဘေးဗုံး ပေါက်ကွဲသွားသဖြင့် ခရိုင်အကြီးအကဲနှင့် စစ်ဖက်အရာရှိကြီးတစ်ဦးတို့ သေဆုံးခဲ့ကြကြောင်း သိရသည်။

***အမ်အင်အေ၊ရိုက်တာ။***




ပြင်သစ်နိုင်ငံတွင် လုံခြုံရေးအခြေအနေအရ အသုံးမပြုရန် ပိတ်ပင်ထားသော ဆီးမင်းကုမ္ပဏီထုတ် ဘလက်ဘယ်ရီဆော့ဖ်ဝဲအသုံးပြုသည့် အက်စ်ကေ-၆၅ လက်ကိုင်ဖုန်းတစ်လုံးကို ဇွန် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ပါလက်စတိုင်းအစိုးရသစ်နှင့် အစ္စရေးတို့ တရားဝင်ဆက်သွယ်မှုစတင်

ဂျရုဆလင် ဇွန် ၂၁

**အစ္စရေးအစိုးရနှင့် ဝန်ကြီးချုပ် ဆလမ်ဖေယက်ဦးစီးသော ပါလက်စတိုင်းအစိုးရသစ်တို့သည် ဇွန် ၂၀ ရက်က တရားဝင် အဆင့်မြင့်ဆက်သွယ်မှုများ ပြုလုပ်ခဲ့ကြသည်။**

ယင်းသို့ တရားဝင် ဆက်သွယ်ခဲ့ကြသဖြင့် အစ္စရေးတို့က ပါလက်စတိုင်းတို့နှင့် အဆက်အသွယ်မလုပ်ဘဲ ၁၅ လကြာ သပိတ်မှောက်ထားသည့် ကိစ္စမှာအဆုံးသတ်သွားပြီဖြစ်သည်။

**- ပြောကြား -**

ဟားမတ်စ်အဖွဲ့ ဦးစီးသော ပါလက်စတိုင်းအစိုးရဖျက်သိမ်းပြီး ဖေယက်ဦးစီးသည့် အစိုးရအဖွဲ့သစ်ဖွဲ့စည်းနိုင်ခြင်းသည် နှစ်နိုင်ငံအကြား ရှိနေသည့် ပြဿနာပေါင်းစုံ ဖြေရှင်းဆောင်ရွက်ရာ၌ တိုးတက်မှုများ ဖြစ်ထွန်းလာမည့် အခြေအနေများပင်ဖြစ်သည်ဟု အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဘစီပီလဗ်နီက ပြောကြားသည်။

ဟားမတ်စ်အုပ်စုများက လွှန်ခဲ့သောသီတင်းပတ်တွင် ဂါဇာကမ်းမြောင်၌ တိုက်ခိုက်မှုများ ပြုလုပ်ချိန်မှစ၍ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ဟားမတ်စ်တို့ကို အစိုးရအဖွဲ့မှ ထုတ်ပယ်ခဲ့သည်။ ဖေယက်၏ အစိုးရအဖွဲ့သစ်ကို အနောက်နိုင်ငံများက ထောက်ခံကြသည့်အတွက် ယခင်က ပိတ်ပင်ထားခဲ့သည့် ဘဏ္ဍာရေးနှင့် အခြားအထောက်အပံ့များ ပြန်လည်ရရှိရန် လမ်းပွင့်သွားပြီဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ***

# မိဘများ ဆေးလိပ်သောက်မှုကြောင့် ရင်သွေးငယ်များ ထိခိုက်ရ

**နယူးယောက် ဇွန် ၂၁**

ကလေးငယ်များအနက် မိဘတစ်ဦးဦး ဆေးလိပ်သောက်ပါက ကလေးငယ်၏ဆီးအတွင်း၌ ဆေးလိပ်မှရသော ကိုတီနင်းဓာတ်ပါဝင်မှု ဆေးလိပ်မသောက်သူ မိဘများ၏ ကလေးများထက် ငါးဆပို၍များပြားနေသည်ကို ဗြိတိန်သုတေသီများက လေ့လာတွေ့ရှိခဲ့ကြသည်။

**ထိခိုက်စေနိုင်**

ဆေးလိပ်အများအပြား သောက်သူမိဘများ၏ ကလေးများ၌ ကိုတီနင်းဓာတ်များစွာပါနေခြင်းသည် မိဘများ ဆေးလိပ်သောက်ပါက ရင်သွေးငယ်များကိုပါ ထိခိုက်စေနိုင်သည်ဟူသောအချက်ကို ဖော်ပြနေသည်ဟု ဒေါက်တာမိုက်ဝါလိုက ပြောကြားသည်။ လန်ကက်စတာတက္ကသိုလ်မှ ပညာရှင်နှင့် အဖွဲ့သည် ထိုတွေ့ရှိချက်အကြောင်းကို ကလေးရောဂါမော်ကွန်း ဟူသော ဆေးပညာမဂ္ဂဇင်း၌ ရေးသားဖော်ပြခဲ့သည်။ ဆေးလိပ်တွင် ပါဝင်သည့် နီကိုတင်းဓာတ်မှ ဆင့်ပွား ဖြစ်ထွန်းလာသော ကိုတီနင်းဓာတ် သည် ဘေးဥပဒ်ဖြစ်စေသည့် ဓာတ်ပစ္စည်းတစ်မျိုးဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

# ပါလက်စတိုင်း အစိုးရသစ်ကို ရုရှား ထောက်ခံ

**မော်စကို ဇွန် ၁၈**

ရုရှားအစိုးရက ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်ကို ထောက်ခံပြီး ပါလက်စတိုင်း အစိုးရသစ်အနေဖြင့် လက်ရှိအခြေအနေ ပုံမှန်အတိုင်း ဖြစ်စေမည့် လိုအပ်သည့် အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ရန် တိုက်တွန်း လိုက်သည်။ ပါလက်စတိုင်းအစိုးရသစ်တစ်ရပ်ကို ဖွဲ့စည်းကာ ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြောင်း၊ နိုင်ငံတကာမှ ကြားဝင်ဖျန်ဖြေသူများအုပ်စုမှ အဖွဲ့ဝင်များနှင့်အတူ ရုရှားအစိုးရက အဘတ်စ်၏ လုပ်ရပ်များအပေါ် ထောက်ခံကြောင်း၊ အထူးသဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာ အခွင့်အာဏာများကို အသုံးပြုရာတွင် ဖြစ်ကြောင်းစသည်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနကိုကိုးကား၍ အီတာ-တာ့စ်သတင်းဌာနက ဖော်ပြသည်။

***အင်တာနက်။***



ဩစတြီးယားနိုင်ငံ၌ ကျင်းပသည့် (၇၁) ကြိမ်မြောက် နိုင်ငံဖြတ်ကျော်စက်ဘီးစီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ဘင်္ဂလားဒေ့ရှ်တွင် ကြက်ငှက်တုပ်ကွေးပိုး ဆက်လက်ပျံ့နှံ့ ကြက်ကောင်ရေ အများအပြား ရှင်းလင်းနေရ

**ဒါကာ ဇွန် ၂၁**

ဘင်္ဂလားဒေ့ရှ်ရှိ ခရိုင်တစ်ခုသို့ ကြက်ငှက်တုပ်ကွေးရောဂါ ပျံ့နှံ့လာသည့်အတွက် အာဏာပိုင်များသည် ကြက်၊ ငှက်ကောင်ရေ ၇၀၀၀ ကို သတ်ဖြတ်ခဲ့ရကြောင်း တနင်္လာနေ့တွင် ထွက်ပေါ်လာသော သတင်းများက ဖော်ပြသည်။

ဂျပူရ်ဟတ်ခရိုင်ရှိ ကြက်၊ ငှက်များ၌ H5N1 ရောဂါပိုး တွေ့ရပြီးနောက်ပိုင်း အထက်ပါအတိုင်း အရေးယူမှုများကို ပြုလုပ်ခဲ့ရခြင်းဖြစ်သည်။ ထိုခရိုင်သည် မြို့တော်ဒါကာ၏ အနောက်မြောက်ဘက် ၁၈၈ မိုင်အကွာတွင် တည်ရှိသည်။

**ဖျက်ဆီး**

ဒါကာ အနီးဝန်းကျင်ဒေသတွင် မတ်လအတွင်းက ကြက်ငှက်တုပ်ကွေးရောဂါပိုး တွေ့ခဲ့ရသည်။ ထို့နောက်ပိုင်းတွင် ခရိုင် ၁၄ ခုရှိ ကြက်ငှက်မွေးမြူရေး ခြံပေါင်း ၆၈ ခြံမှ ကြက်၊ငှက်ကောင်ရေ ၁၇၂၀၀၀ နှင့် ကြက်ဥလုံးရေပေါင်း ၁ဒသမ ၆ သန်းကို ရောဂါမပျံ့နှံ့စေရန် ဖျက်ဆီးပစ်ခဲ့ရပြီးဖြစ်သည်။

ယခုအချိန်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး လူသို့ ကူးစက်သည့် အဖြစ်မျိုးမတွေ့ရသေးပေ။ အာဏာပိုင်များက ကြိုတင်ကာကွယ်ရေးလုပ်ဆောင်သည့် အနေဖြင့် နိုင်ငံအနှံ့ရှိ ကြက်၊ ငှက်ခြံပေါင်း ၁၁၀၀၀၀ ကျော်မှ ကြက်၊ ငှက် ကောင်ရေ ပေါင်း ၁၃၃သန်းကို ကာကွယ်ဆေးထိုးနှံ့ပေးပြီးဖြစ်ကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနက ကြေညာသည်။

ဘင်္ဂလားဒေ့ရှ်ရှိ ကြက်၊ ငှက်ခြံများမှ နှစ်စဉ်ကြက်၊ ငှက်ကောင်ရေ သန်း ၂၅၀ နှင့် ကြက်ဥအလုံးပေါင်း ခြောက်သန်းကို ထုတ်လုပ်ပေးလျက်ရှိသည်။ နိုင်ငံလူဦးရေအနက် လေးသန်းခန့်ရှိသော နိုင်ငံသားများသည် ကြက်၊ ငှက် မွေးမြူရေးလုပ်ငန်းများနှင့် ဆက်နွှယ်သော လုပ်ငန်းများ၌ အသက်မွေးဝမ်းကျောင်း ပြုနေကြသူများဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

# ပါရီလေကြောင်း ပြပွဲတွင် ဥရောပအဲဘတ်စ်လေယာဉ်များ အဝယ်လိုက်

**လီဘောဂတ်(ပြင်သစ်) ဇွန် ၂၁**

ပါရီလေကြောင်းပြပွဲတွင် အဲဘတ်စ်လေယာဉ် ထုတ်လုပ်ရေးကုမ္ပဏီသည် လေယာဉ်ဝယ်ယူရေးအမှာစာ အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ ဖိုး ရရှိခဲ့သည်။ သို့ဖြစ်၍ ပြိုင်ဘက်လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ ဘိုးအင်းနှင့် ယှဉ်ပြိုင်လုပ်ကိုင်ရန် အလားအလာကောင်းလာသည်ကို တွေ့ရသည်။

အဲဘတ်စ်လေယာဉ်များကို ကာတာလေကြောင်းလိုင်းက အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံဖိုး ဝယ်ယူခဲ့ပြီး အမေရိကန် လေကြောင်းလိုင်းက အမေရိကန် ဒေါ်လာ ၁၀ဘီလီယံဖိုး ဝယ်ယူခဲ့သည်။ အမေရိကန်လေကြောင်းလိုင်းသည် အမေရိကန် လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော ဘိုးအင်းကုမ္ပဏီမှမမှာယူဘဲ ဥရောပအဲဘတ်စ်ကုမ္ပဏီမှ လေယာဉ်များကို ဝယ်ယူခဲ့ခြင်းဖြစ်သည်။

ကာတာ လေကြောင်းလိုင်းသည် အေ-၃၅၀ အိတ်စ်ဒဗလျူဘီ အမျိုးအစား လေယာဉ် ၈၀ နှင့် အေ-၃၈၀ အဲဘတ်စ်ဆူပါဂျမ်ဘိုလေယာဉ် သုံးစင်းကိုလည်း ဝယ်ယူထားသည်။ ထိုလေကြောင်းလိုင်းများအပြင် ကူဝိတ်လေကြောင်း လိုင်းကလည်း အဲဘတ်စ်လေယာဉ်များကို ဝယ်ယူခဲ့ကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***






ပြင်သစ်နိုင်ငံ ပါရီမြို့လေကြောင်းပြပွဲတွင် ရုရှားနိုင်ငံလုပ် Mig 29 ဂျက်လေယာဉ်တစ်စင်း စွမ်းရည်ပြနေသည်ကို ဇွန် ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)





**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၀၇ ခုနှစ် ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အင်တိုက်အားတိုက် ပါဝင် ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာလုပ်ငန်းတာဝန်များ အလေးအနက်ဆောင်ရွက်

နေပြည်တော် ဇွန် ၂၁

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၀၇ခုနှစ် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ ညွှန်ကြားရေးမှူးများ၊ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ပြည်နယ်၊ တိုင်း အခွန်ဦးစီးဌာနမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်၊ တိုင်း မန်နေဂျာများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကား ပြောကြားရာတွင် ၂၀၀၇ခုနှစ် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာဖော်ထုတ်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီး ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများ၊ အစီအမံများကို တင်ပြဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး ရည်မှန်းချက်များကို အထောက်အကူပြုစေမည့် ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များ၊ ရည်မှန်းချက်များ ပြည့်မီကျော်လွန်စေရေးအတွက် စီမံချက်များ၊ နည်းလမ်းများ ချမှတ်ကာ ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် စီးပွားရေးဖွံ့ဖြိုးမှုအရှိန်အဟုန်ကောင်းများရရှိနေပြီဖြစ်သဖြင့် ဝန်ထမ်း အဆင့်အတန်းအားလုံးသည် သန့်စင်မှန်ကန်သည့် ခံယူချက်၊ ထိရောက်ထက်မြက်သည့် စွမ်းဆောင်ချက်၊ ချိုသာပြေပြစ်သော ပြောဆိုဆက်ဆံမှုများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အင်တိုက်အားတိုက် အပြည့်အဝပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဝန်ထမ်းများအားလုံးက စိတ်စေတနာကောင်းဖြင့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ၊ နည်းဥပဒေများအတိုင်း တိကျမှန်ကန်စွာ၊ ရိုးဖြောင့်စွာ အလေးအနက်ထား ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပင်စင်ဦးစီးဌာနနှင့် အခွန်အယူခံခုံအဖွဲ့ရုံးတို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များက ဘဏ္ဍာနှစ်အတွင်း ဌာနအလိုက် ရည်မှန်းချက်များအပေါ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ သုံးသပ်တင်ပြကြသည်။

**ဖြည့်စွက်မှာကြား**

သုံးသပ်ချက်များအပေါ် ဝန်ကြီးက ဦးစီးဌာန၊ လုပ်ငန်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုထိရောက်ထက်မြက်စေရန် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာများက ဌာနခွဲအလိုက် လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက မြန်မာ့စီးပွားရေးဘဏ်၏ ပြောင်းလဲတိုးတက်လျက်ရှိသည့် စီးပွားရေးဆောင်ရွက်မှုနှင့် လိုက်လျောညီထွေမှုရှိစေရေး၊ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး၊ ဆက်ဆံရေးချိုသာပြေပြစ်ရေး၊ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြရေး မှာကြားသည်။

ယင်းနောက် မြန်မာ့စီးပွားရေးဘဏ်၊ ပြည်နယ်၊ တိုင်း မန်နေဂျာများက ကူးသန်းရောင်းဝယ်ရေး ဘဏ်လုပ်ငန်းဆိုင်ရာ သုံးသပ်ချက်စာတမ်းများနှင့် ဆက်သွယ်ရေး ကွန်ရက်ထိရောက်စွာ အသုံးချရေး စာတမ်းများကို အသီးသီး ဖတ်ကြားတင်ပြကြရာ ဝန်ကြီးက မြန်မာ့စီးပွားရေးဘဏ် အနေဖြင့် ပြည်နယ်၊ တိုင်း မန်နေဂျာများ၏ ဆောင်ရွက်ချက်များဆိုင်ရာ သုံးသပ်ချက်များကို စုစည်းပြီး ဘဏ်လုပ်ငန်း ဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းများ ပြုစုတင်ပြရန် မှာကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## သကျသီဟအောင်သိဒ္ဓိစေတီ ထီးတော်တင်လှူ

ရန်ကုန် ဇွန် ၂၁

ဝိနယသင်္ဂဟ အဋ္ဌကထာ နိဿယ ရေးသားပြုစုခဲ့သည့် ကျမ်းပြုအကျော် ငါ့သရောက် တ-မ-ခါး ဆရာတော် ဘဒ္ဒန္တ ပရမခေမာထေရ်၏ ဂုဏ်ကို ဦးထိပ်ထားပြီး ဖခမည်းတော် ဦးမျိုးချစ်-မယ်တော် ဒေါ်ငွေရွှေ၊ နောင်တော် ကျောင်းဆရာကိုမြင့်သန်းတို့ကို ရည်စူး၍ ရန်ကုန်တိုင်း၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ အောက်ဝါးနက်ချောင်း အုပ်စု၊ အောင်မင်္ဂလာဝင်ဒါမိယာလမ်း သကျသီဟ သာသနဟိတ ပရိယတ္တိစာသင်တိုက် (ရွှေမန်းကျောင်းတိုက်) ၏ အာဒိကမ္မိက၊ ပဓာနနာယက၊ စာချပခုက္ကူ ဝိပဿနာအဖွဲ့ချုပ် (မဟာရန်ကုန်) ဩဝါဒါစရိယ၊ မြို့နယ်ဝိနည်းဓိုရ် ဘဒ္ဒန္တဝဏ္ဏသိဒ္ဓိ ရွှေမန်းဆရာတော်သည် သကျသီဟ အောင်သိဒ္ဓိ စေတီတော်မြတ်ကြီးအား ဇွန် ၁၅ရက်တွင် ထီးတော်တင်လှူ ပူဇော်ခဲ့ကြောင်း သိရသည်။

(က-ပ)

## ဆီမီး ၉၉၀၀ အဖွဲ့ ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇွန် ၂၁

ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့(အင်းစိန်)က ကြီးမှူး၍ အဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်တော်မူကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ၊ အင်းစိန်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တပဏ္ဍိတ၊ အောင်ဆန်းမဟာမြိုင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယ၊ ညောင်ကန်အေးဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကုဏ္ဍက၊ ပထမကျော် ဓမ္မာစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာသံ့ဃာရ ဆရာတော် ဘဒ္ဒန္တကုမာရ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမ စဉ့်ကူဆရာတော်၊ ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ၊ ဝါခင်းတောင်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသနှင့် ညောင်ပင်သာဆရာတော် ဘဒ္ဒန္တမာလာစာရတို့အား ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ညောင်ပင်သာကျောင်းတိုက်၌ နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ ဝါဆိုသင်္ကန်း တစ်စုံလျှင် ငွေကျပ် ၂၄၃၀ဖြင့် ဒေါ်မငယ် ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့ စုပေါင်းရုံးဝင်း အင်းစိန်မြို့နယ် ဖုန်း-၆၄၂၈၅၈၊ ၆၄၀၄၈၇၊ ဦးစိုင်းဘုန်းထူး-ဒေါ်ဖြူဖြူညွန့်(စိုင်းဘုန်းထူး ဗီဒီယို-ဓာတ်ပုံ) အမှတ်(၁၀၀) (၄၈)လမ်း ရန်ကုန်မြို့ ဖုန်း-၂၉၂၉၅၃၊ ဒေါ်ဇင်မာညို ဖူဂျီဓာတ်ပုံဆိုင်အမှတ်(၁၆၅/၁၆၇) အနော်ရထာလမ်း (၃၄)လမ်းထိပ် ဖုန်း-၇၀၀၁၃၆နှင့် ဦးသန်းထိုက်စိုး ဒုတိယဈေးတာဝန်ခံ အင်းစိန်ဈေးကြီးတို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။

(၆၁)

## စမ်းချောင်းမြို့နယ် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဇွန် ၂၁

စမ်းချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နယ်လှည့် စာကြည့်တိုက် ဖွင့်ပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဇွန် ၂၀ရက်က မြေနီကုန်း(မြောက်)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ နယ်လှည့် စာကြည့်တိုက်ကို မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းရွှေနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးနေမျိုးထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ဆက်လက်၍ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ဝင်းဝင်းရွှေက စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးအကြောင်း ဟောပြောပြီး စာဖတ်ဝိုင်းကျင်းပရာ ဇွန် ၁၄ရက်ထုတ် သတင်းစာပါ ဆောင်းပါးရှင် ဝဏ္ဏမင်းခေါင်၏ **“အချိန်မီပါသေးတယ်”** ဆောင်းပါးကို စမ်းချောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မြင့်မြင့်ထူးနှင့် မြို့နယ် ကိုယ့်အားကိုယ်ကိုး ရပ်ကွက်စာကြည့်တိုက်မှူး ဒေါ်မြမြသန်းတို့က ဖတ်ကြားကြသည်။

ရပ်ကွက်အတွင်းမှ တက်ရောက်လာသူများက ဆောင်းပါးပါအကြောင်းအရာများကို ဆွေးနွေးကြပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းရွှေက ပြန်လည်သုံးသပ်ဆွေးနွေးသည်။ **(ဝဲပုံ)** ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေမျိုးထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

(မြို့နယ်ပြန်/ဆက်)




## ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံဖြစ်မြောက်ရေး ဆွေးနွေး

လယ်ဝေး ဇွန် ၂၁

လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဇွန် ၁၇ ရက် နံနက် ၈ နာရီတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ အဆောက်အအုံဖြစ်မြောက်ရေး ဆွေးနွေးပွဲကို ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းက စာကြည့်တိုက်အဆောက်အအုံများ ဖြစ်မြောက်ရေးနှင့် မြေနေရာရရှိရေး၊ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးကို ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်နှင့် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဇော်အောင်တို့က ဆွေးနွေးတင်ပြသည်။ တက်ရောက်လာကြသော ရပ်ကွက်ဥက္ကဋ္ဌများကလည်း မြေနေရာရရှိရေး၊ အဆောက်အအုံဖြစ်မြောက်ရေးအတွက် ပြန်လည်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးသန်းထွန်းက နိဂုံးချုပ်အမှာစကားပြောကြား၍ စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာများအား တစ်ရွာချင်းလိုက်လံကြည့်ရှုသည်။

(မြို့နယ်ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဒေါက်တာမြဦး ဆေးရုံတိုးချဲ့ဆောက်လုပ်ရေး ကြည့်ရှုစစ်ဆေး မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု အလေးပေးဆောင်ရွက်ရန် မှာကြား

နေပြည်တော် ဇွန် ၂၁

**အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၃ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မန္တလေးတိုင်းအတွင်းရှိ ဆေးရုံများ ဆေးကုသမှုအရည်အသွေး မြင့်မားရေး၊ ဆေးရုံတိုးချဲ့ဆောက်လုပ်ရေး လုပ်ငန်းများနှင့် လူထုကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရွှေညောင်တိုက်နယ်ဆေးရုံသို့ လည်းကောင်း၊ ပင်းတယပြည်သူ့ ဆေးရုံကြီးသို့လည်းကောင်း၊ ပွေးလှတိုက်နယ်ဆေးရုံသို့လည်းကောင်း၊ နန်းပန်တက်ကျေးလက် ကျန်းမာရေးဌာနခွဲ သို့လည်းကောင်း၊ သာစည်မြို့နယ် ယင်းမာပင် တိုက်နယ်ဆေးရုံသို့ လည်းကောင်း အသီးသီးရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမများ၌ ကျန်းမာရေးကော်မတီဝင်များ၊ဆရာဝန်နှင့် သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့အသီးသီးမှ အသင်းဝင်များ၊ ရပ်မိ ရပ်ဖများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ဆင်းရဲမှုကို ပိုမိုနက်ရှိုင်းစေသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါများကို အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်ရန်၊ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ရန်၊ ယင်လုံအိမ်သာ အသုံးပြုရေးနှင့် ကျေးရွာတိုင်းတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် လိုက်နာဆောင်ရွက် ရမည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဆေးရုံများ၏ လူနာဆောင်များ၊ သားဖွားခန်း၊ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# မြန်မာ့လူ့ဘောင် ဖွံ့ဖြိုးအောင် စွမ်းဆောင်ကြစို့ မြန်မာအမျိုးသမီးတို့

# ရေတောင်ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ မုဒုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှစာအုပ်နှင့် စာရေးကိရိယာများလှူဒါန်း

**မုဒုံ ဇွန် ၂၁**

မွန်ပြည်နယ် မုဒုံမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ထားထားလွင်နှင့် အဖွဲ့ဝင်များသည် ဇွန် ၁၁ ရက် နံနက် ၉နာရီတွင် မုဒုံမြို့ မြို့မ (၄) ရပ်ကွက် ရေတောင်ပရဟိတ ဘုန်းတော်ကြီးသင်မူလတန်းလွန်ကျောင်းသို့ ကျောင်းသုံးစာရေးကိရိယာများနှင့် အလှူငွေကျပ် ၇၀၀၀၀ကို ပေးအပ်လှူဒါန်းသည်။ **(ဓါတ်ပုံ)**

၎င်းနောက် မုဒုံမြို့ ရှင်အရဟံလမ်းမှ ဒေါ်ရီအမှူးပြု၍ ဦးတိတ်ကြည်– ဒေါ်အေးအေးသန်းမိသားစုက ကျောင်းသုံး ဗလာစာအုပ် တန်ဖိုးငွေကျပ် ၇၀၀၀၀ ကိုလည်းကောင်း၊ မုဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးဇော်မြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးဇော်ဦးနှင့် အဖွဲ့ဝင်များက ဗလာစာအုပ် ၁၀ ဒါဇင်၊ ဖတ်စာအုပ် ၂၁ အုပ်နှင့် စာရေးကိရိယာများကို လည်းကောင်း၊ မြို့နယ်သာသနာရေးမှူး ဦးကျော်ဇင်က ဗလာစာအုပ် ၁၀ ဒါဇင်ကို လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မုဒုံရဲစခန်းမှ တပ်ကြပ်ကြီးကံမြင့်နှင့် အဖွဲ့ဝင်များက ဗလာစာအုပ် ၄၃ ဒါဇင်နှင့်စာရေးကိရိယာများကိုလည်းကောင်း၊ ရွှေရတနာဦး ရွှေဆိုင် ဦးပန်းလာမိသားစုက ဗလာစာအုပ် ၂၀၀ ကိုလည်းကောင်း၊ ယူနီဆက်မှ ဗလာစာအုပ်နှင့် ကျောင်းသုံးပစ္စည်းများကို ရေတောင်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှင့် ပရဟိတ ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း ၂၀၀၇–၂၀၀၈ ပညာသင်နှစ် ကျောင်းသူကျောင်းသား ၁၁၅ ဦးတို့ အတွက် ကျောင်းအုပ် ဆရာတော် ဘဒ္ဒန္တပညာဝရ(မဟာသဒ္ဓမ္မဇောတိကဓဇ) နှင့်ပညာရေးကျောင်း တာဝန်ခံ ဆရာမကြီး ဒေါ်အေးသီထံသို့ လှူဒါန်းပေးအပ်ကြောင်း သိရသည်။ ရပ်ဝေးရပ်နီးမှ လှူဒါန်းလိုပါက မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ လည်းကောင်း၊ သာသနာရေးဦးစီးဌာနရုံးနှင့် မုဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးများသို့ စုံစမ်းဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

# ကော့သောင်းခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ဆံကေသာအလှပြိုင်ပွဲနှင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ကျင်းပ

**ကော့သောင်း ဇွန် ၂၁**

တနင်္သာရီတိုင်း ကော့သောင်းခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဆံကေသာ အလှပြိုင်ပွဲနှင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ဇွန် ၁၀ ရက် နံနက် ၈ နာရီတွင် ကော့သောင်းမြို့ မဏ္ဍပ်ဿကခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်လှလှဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြို့ပေါ် ၁၀ ရပ်ကွက်မှ သမီးပျိုလေး ရှစ်ဦးက ဆံကေသာ အလှပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြရာ ရွှေဟင်္သာရပ်ကွက်မှ မဖြူဖြူစန်းက ပထမ၊ ပိတောက်ရွှေဝါရပ်ကွက်မှ မခင်နှင်းဖြူက ဒုတိယ၊ အေးရိပ်ငြိမ် ရပ်ကွက်မှ မအိအိဖြိုးက တတိယ အသီးသီးဆွတ်ခူးခဲ့ကြသည်။

ဆက်လက်ပြီး ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ပြည်တွင်းဖြစ် ချည်ထည်များဖြင့် မြန်မာဆန်ဆန် အကွက်ချပုံဖော်ချုပ်လုပ်၍ သမီးပျိုလေး ၁၆ ဦးက ဆင်ယင်ပြသခဲ့ကြသည်။ အဆိုပါအဖွဲ့အား ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့က ဂုဏ်ပြုလက်ဆောင်များ ပြန်လည်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(ခရိုင်ပြန်/ဆက်)



**ဇွန် ၁၀ ရက်က ကော့သောင်းခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့က ကြီးမှူးကျင်းပသော ဆံကေသာအလှပြိုင်ပွဲတွင် ဆုရရှိသူများအား တွေ့ရစဉ်။** (ခရိုင်ပြန်/ဆက်)

# စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၄)အမှတ် (၁၃) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဇွန် ၂၁**

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၄) အမှတ်(၁၃)ကို ယနေ့ဖြန့်ချိလိုက်ရာ ယခုတစ်ပတ်သတင်းများတွင် ပီလောပီနံအဆီမှ ဇီဝစက်သုံးဆီထုတ်ရန်ကြိုးပမ်း၊ တရုတ်စံကားပန်းများ ရေမွှေးပြုလုပ်ရန် တရုတ်ပြည်မှဝယ်၊ ကြက်သွန်ဖြူ စိုက်ပျိုးမှုနှင့် အထွက်နှုန်း ပိုမိုများပြားလာ၍ ဈေးနှုန်း ကျဆင်း၊ မြန်မာ့ရေချို ငါးမျိုးစိတ် ၁၀၀ကျော်ကို အလှမွေးငါးအဖြစ် သတ်မှတ်နိုင်၊ မြွေမကြောက်ကင်းမကြောက် ဗေဒါဒိုက်ထဲ ငါးနှိုက်သူများ၊ ဒေသတွင်း ဆူနာမီကြိုတင်သတိပေးစနစ် ထူထောင်ရေး နိုင်ငံတကာ အစိုးရများပူးပေါင်းဆောင်ရွက်၊ မိုးနှင့်အတူ လှုပ်ရှားနေသည့် ဝါးခနိ၊၂၀၂၅ခုနှစ်တွင် မြန်မာ့ဆန်စပါး ထုတ်လုပ်မှု အဆ ၃၀အထိ တိုးလာမည်၊ ချွေးနဲ့စာကို မတည်ပြီး မိဘမဲ့ကလေးများကို ရဟန်းခံရှင်ပြုပေးသည့် လူငယ်အဖွဲ့၏ မွန်မြတ်အလှူ၊ သိန်း ၁၀၀၀ ကျော်အကုန်အကျခံ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီး တပ်ဆင်ဖွင့်လှစ်၊ တစ်ဧကစိုက်လျှင် ၁၀သိန်းမြတ်သည့် ဘရာဇီးငှက်ပျော စသည့်ပြည်တွင်းသတင်းများ၊ တာရှည်ခံဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ပျိုးနည်း(မေသန္တာဝင်း)၊ မြန်မာပိုင်ပြီ တို့မြန်မာပိုင်ပြီ(မြတ်ခိုင်)၊ ဆေးလိပ်နှင့် ရာဇဝတ်မှုပညာပေးဆောင်းပါး၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် သင့်သောမြေအမျိုးအစား၊ နှမ်းနှင့် ဆီအကြောင်း၊ သဘာဝရာသီဥတု၏ စပါး သီးနှံအပေါ် လွှမ်းမိုးမှု(ဖိုးထွေး–စိုက်ပျိုးရေး)၊ E-Library အဆင့်သို့ တိုးမြှင့် ခရီးဆက်နေသည့် ကညွတ်ကွင်းမြို့က လောကပြတင်း(ကျော်ဆွေဝင်း–ရွှေအင်း) အစရှိသည့် ဆောင်းပါးများအပြင် လှုပ်လှုပ်ရှားရှားအနုပညာသတင်းများ၊ ပါးကိုက်နားကိုက် အမေရိကန် အီရန်၊ မန်ချက်စတာစီးတီး ဘောလုံးအသင်းကို ဝယ်မည့် ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်အပါအဝင် မောင်မြား၏ နိုင်ငံတကာသတင်းများ ဝေဝေဆာဆာဖော်ပြထားသည်။

**ပေးပို့နိုင်**

စိမ်းလဲ့ရွှေပြည်ဂျာနယ်ကို စာပေဗိမာန်စာအုပ်ဆိုင်၊ ဝါမိုးအောင်၊ ဆင်တောင်ကြီး၊ မနီလာ၊ NPE စာအုပ်ဆိုင်နှင့် ပန်းရွှေပြည်(သိမ်ဖြူလမ်း)စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်သည်။ စာမူ ပေးပို့လိုလျှင် စာတည်းမှူးချုပ် စိမ်းလဲ့ရွှေပြည်ဂျာနယ် အမှတ်(၂၂၈) သိမ်ဖြူလမ်း ရန်ကုန်မြို့ ဖုန်း–၃၈၂၀၇၀ သို့ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ဒေါပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သက်ကြီးရွယ်အို စောင့်ရှောက်ရေးသင်တန်းဖွင့်

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းက သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း စီမံချက်ဆင့်ပွား သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၉ရက်တွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွား ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလုပ် အမှုဆောင်အဖွဲ့ဝင် ဒေါက်တာဦးသန်းဦးက အမှာစကားပြောကြားသည်။ **(ဓါတ်ပုံ)** အခမ်းအနားသို့ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြနှင့်အဖွဲ့ဝင်များနှင့် သင်တန်းသူ၊ သင်တန်းသား ၁၆ဦးတို့ တက်ရောက်ကြသည်။

(မြို့နယ်ပြန်/ဆက်)

**မူးယစ်ကိုပစ်ပန်းတိုင်သစ် စိတ်သစ်၊ လူသစ်၊ ဘဝသစ်**

❒ ရှေ့ဖုံးမှ

အချိန်အားဖြင့် နီးကပ်လာနေပြီဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့ စီမံခန့်ခွဲမှုကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီအောက်ရှိ ဆပ်ကော်မတီအသီးသီးအနေဖြင့် မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာကဏ္ဍများအလိုက် ပြီးပြည့်စုံစွာ ဆောင်ရွက်နိုင်ရန် အစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်း၊ မိမိတို့ စီမံခန့်ခွဲမှုကော်မတီ အနေဖြင့် အဘက်ဘက်က အားနည်းချက်၊ ချို့ယွင်းချက်များမရှိအောင် ယခုတည်းက ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယခု နောက်ဆုံးအကြိမ်ကျင်းပမည့် အမျိုးသားညီလာခံသည် မိုးရာသီကာလဖြစ်၍ ကိုယ်စားလှယ်များ၏ တည်းခိုဆောင်များ မိုးလုံလေလုံမှုရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ထို့ပြင် ပုံမှန်လုပ်ငန်းများဖြစ်သည့် ဧည့်ခံကျွေးမွေးရေး၊ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သွားလာဆက်သွယ်ရေးတို့ကိုလည်း အဆင်ပြေချောမွေ့စေရန် စီစဉ်ဆောင်ရွက်ထားရှိကြစေလိုကြောင်း။

စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အဘက်ဘက်က အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ဆပ်ကော်မတီအသီးသီးကို ကဏ္ဍအလိုက် တာဝန်ပေးအပ်ထားပြီးဖြစ်ရာ ကော်မတီ၏ လုပ်ငန်းတာဝန်များ အောင်မြင်ချောမွေ့ အဆင်ပြေစေရန် မိမိတို့အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို တင်ပြကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက မိမိတို့ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စွမ်းအင်ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက မိမိတို့ ဌာနဆိုင်ရာများအနေဖြင့် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဝင်များက ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က တင်ပြဆွေးနွေးချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး စီမံခန့်ခွဲမှုအပိုင်းမှ ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စအားလုံးကို ဇူလိုင် ၁၃ရက်နောက်ဆုံးထား၍ အပြီးသတ် ဆောင်ရွက်သွားကြရေး မှာကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## ပုဇွန်တောင်မြို့နယ် ဂုဏာဝိသိဋ္ဌပူဇာသဘင် ကျင်းပမည်

**ရန်ကုန် ဇွန် ၂၁**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၇)ဖြင့် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်မှ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရရှိတော်မူသော မြသိန်းတန်ဆရာတော် ဘဒ္ဒန္တသောဘန၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ရရှိတော်မူသော ဘုရားဖြူဆရာတော် ဘဒ္ဒန္တနရိန္ဒာဘိဝံသ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူသော ရွှေဘုံသာကျောင်း (ရွှေဘုန်းပွင့်) ဆရာတော် ဘဒ္ဒန္တဝါယမတို့အား ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းတို့က ကြီးမှူး၍ ဂုဏာဝိသိဋ္ဌဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ဇူလိုင် ၁ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ဘုရားဖြူကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်ကြည်ညိုနိုင်ကြောင်း သိရသည်။ (က-ပ)

## ခရမ်းမြို့နယ် ကွမ်းမိုးဒိန်း မစိုးရိမ်တိုက်သစ် စာပေပို့ချနေ

ရန်ကုန် ဇွန် ၂၁

**သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးတည်ချက်ဖြင့် မန္တလေးမြို့ရှိ မစိုးရိမ်တိုက် နှစ်တိုက်တို့မှ မဟာနာယကဆရာတော်ကြီးများ၏ သြဝါဒကိုခံယူ၍ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဒုတိယမဟာနာယက ဆရာတော် ဘဒ္ဒန္တ ကေသရာဘိဝံသက ဦးဆောင်ကာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဇနီး ဒေါ်မြင့်မြင့် မိသားစုတို့၏ မတည်လှူဒါန်းမှုနှင့် အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းမှုတို့ဖြင့် ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်း စံပြကျေးရွာ၌ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ခွဲအဖြစ် သာသနဇောတိက မစိုးရိမ်တိုက်သစ်အမည်ဖြင့် အဆောက်အအုံများကို ဆောက်လုပ်လျက်ရှိရာ ယခုအခါ အလျားပေ ၉၀၊ အနံပေ ၄၀ ရှိ ပင်မကျောင်းဆောင်ကြီးသည် ၉၀ ရာခိုင်နှုန်းခန့်နှင့် မဟာဝိဇယသိမ်တော်နှင့် မဟာဝိဇယစေတီတော်တို့သည် ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။**

ဆက်လက်၍ အလျား ၄၅ပေ၊ အနံ ၂၇ပေရှိ စာသင်သားဆောင် နှစ်ဆောင်၊ အလျား ၆၁ပေ၊ အနံ ၂၇ပေရှိ စာချဆရာများဆောင် တစ်ဆောင်၊ ၁၀ခန်းတွဲ သံဃာတော်များ အသုံးပြုရန် ကုဋီ၊ ၁၅ပေရှိ ရေချိုးကန် နှစ်ကန်နှင့် မဟာရံတံတိုင်းများ စသည့် သာသနိက အဆောက်အအုံများကို ဆောက်လုပ်သွားမည်ဖြစ်သည်။

ယခုအခါ သာသနဇောတိက မစိုးရိမ်တိုက်သစ်၌ စာချစာသင် သံဃာတော်အပါး ၃၀ခန့် သီတင်းသုံးလျက်ရှိပြီး ပရိယတ္တိစာပေများကို သင်ကြားပို့ချနေပြီဖြစ်သည်။

လှူဒါန်းလိုပါက ဒုတိယမဟာနာယက ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဖုန်း-၀၂-၃၉၅၉၈၊ ၀၉-၂၀၀၂၆၂၅ နှင့် သာသနဇောတိက မစိုးရိမ်တိုက်သစ် ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ ဖုန်း-၀၁-၃၉၀၀၇၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် သောက်ရေသန့်စက်ရုံ အလှူရှင် ဦးဝင်းလွင်တို့ မြင်းခြံအကျဉ်းထောင်၏ သောက်ရေသန့်စက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)



**ချောင်းဆုံမြို့နယ်ရှိ ဝင်ဂလုံ ဆုတောင်းပြည့် စေတီတော်မြတ်ကြီး ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ဇွန် ၁၅ ရက်က ချောင်းဆုံအရှေ့ပိုင်းနေ ကွယ်လွန်သူ ဒေါ်အေးသန့်အား ရည်စူး၍ ညီမ ဒေါ်ခင်ကြည်နှင့် မောင် ဦးဝင်းကြည် မောင်ညီမများက ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ပြုပြင်တည်ဆောက်မှု လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အတွင်းရေးမှူး ဦးမျိုးသိုက်တို့ လက်ခံယူစဉ်။** (ပြန်/ဆက်)

## မြင်းခြံအကျဉ်းထောင် သောက်ရေသန့်စက်ရုံဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၁**

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန မြင်းခြံအကျဉ်းထောင်၏ သောက်ရေသန့်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၅ ရက်တွင် အဆိုပါ အကျဉ်းထောင်၌ကျင်းပရာ အကျဉ်းဦးစီးဌာနနှင့် မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ တာဝန်ရှိသူများ၊ မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် မြို့မိ၊မြို့ဖများ တက်ရောက်ကြပြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် အလှူရှင် ဦးဝင်းလွင်(ကျော်သာကုမ္ပဏီလီမိတက်)တို့က ဖဲကြိုးဖြတ်၍ သောက်ရေသန့်စက်ရုံကို ဖွင့်လှစ်ပေးကြသည်။ ယင်းသောက်ရေသန့်စက်ရုံ၏တန်ဖိုးမှာငွေ ၂၈၆၇၈၇၀၃ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

## ငွေကျပ် ၁၀၀ တန် ထီဖွင့်ပွဲ ဇူလိုင် ၁ ရက် ကျင်းပမည်

**ရန်ကုန် ဇွန် ၂၁**

(၂၂၂)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ဇူလိုင် ၁ရက် နံနက် ၈နာရီမှစတင်၍ ညနေ ၄နာရီအထိ တစ်ရက်တည်း အောင်ဘာလေ သိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့် ကျောက်တံတားမြို့နယ် ထီဖွင့်ပွဲ ခန်းမဆောင်၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါထီဖွင့်ပွဲတွင် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ လေးဆု၊ ငွေကျပ်သိန်း ၁၀၀ (၃၂)ဆု၊ ငွေကျပ် ၁၀သိန်း ၅၂၇ဆု၊ ငွေကျပ် ငါးသိန်း ၁၇ဆု၊ ငွေကျပ် လေးသိန်း ၂၁ဆု၊ ငွေကျပ် နှစ်သိန်း ၁၉၂ဆု၊ ငွေကျပ် တစ်သိန်းဆု ၁၅၃၀၊ငွေကျပ် ရှစ်သောင်းဆု ၆၀၊ ငွေကျပ် လေးသောင်း ၉၃ဆု၊ ငွေကျပ် နှစ်သောင်း ၁၅၀၅၄ ဆု စုစုပေါင်း ၁၈၃၃၃ ဆုဖြစ်သည်။

ယခု (၂၂၂)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေ ထုတ်ပေးခြင်းကို ဇူလိုင် ၇ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲ ရုံးများ၌ လျှောက်ထားတင်ပြပြီး လာရောက် ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အခြေခံရှေးဦးပြုစုခြင်းနှင့် မီးသတ်ပညာသင်တန်း ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၁**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာနနှင့် ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံ ရှေးဦးသူနာပြုစုခြင်းနှင့် မီးသတ်ပညာ သင်တန်း အမှတ်စဉ်(၁/၂၀၀၇) ဖွင့်ပွဲကို ဇွန် ၁၆ ရက်တွင် မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ် မီးဘေးတားဆီးရေးနှင့် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ရဲကျော်သူတင်အေး၊ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်မောင်မြင့်၊ ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင် ဦးကျော်မြင့်၊ မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၊ ရပ်ကွက်/ကျေးရွာ အရန်မီးသတ်တပ်ခွဲမှူးများ၊ တပ်စုမှူးများ၊ နည်းပြဆရာများ၊ မြို့ပေါ်ရပ်ကွက်များရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၃၅ ဦး တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ် မီးဘေးတားဆီးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ **(အပေါ်ယာပုံ)** အဆိုပါ သင်တန်းကာလမှာ ၁၀ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)





**လန်ဒန်မြို့ မိုးကုတ်ဝိပဿနာ ရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ (ရွှေသိင်္ဂီရတနာ ဓမ္မာရုံ၊ အမှတ်-၉၈ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်) သို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)နေ ဦးကျော်ဝင်းမောင်၊ ဒေါ်ခင်မြစစ်၊ သမီး ခိုင်စံဝင်း၊ သန့်သစ္စာအောင် မိသားစုက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံရယူစဉ်။** (က-ပ)



**✻ တိုင်းမှူးမှ**

ထို့နောက် တိုင်းမှူးသည် ဒေသခံ တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဒေသ၏စိုက်ပျိုးရေးဆိုင်ရာများ ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညောင်လေးပင်မြို့နယ် ရပ်ကွက်(၄)အနီးရှိ ဝါးပတော ချောင်းလက်တက်တစ်ခုဖြစ်သော အုန်းထုံးရိုးတံတားကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဒေသအတွင်း ရေကြီးရေလျှံမိုးမှုမရှိစေရေး ဆောင်ရွက်ရမည့်လုပ်ငန်းရပ်များအား မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညောင်လေးပင်မြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိရုံးသို့ ရောက်ရှိကြရာ ညှော့ရိပ်သာ၌ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမြင့်က စစ်တောင်းမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးလုပ်ငန်းရပ်များဖြစ်သည့် မုက္ခမူကမ်းပတ်တာနှင့် စစ်တောင်းတာပတ်ခြင်းနှင့် ရဲနွယ်ချောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်စပ်ဒေသများရှိ မြစ်ချောင်းများ ရေစီးဆင်းမှုအခြေအနေများအား ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းရပ်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ညောင်လေးပင်မြို့နယ် မုက္ခမူချောင်းတံတား သို့ရောက်ရှိ၍ မုက္ခမူချောင်း ရေစီးဆင်းမှုအခြေအနေနှင့် ရေကြီးနစ်မြုပ်မှု မရှိစေရေး ဆောင်ရွက်ရမည့် အခြေအနေများအားလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်း မိုင်တိုင် (၁၄၂/၆) မိုင်ရှိ ဖြူးချောင်းတံတားသို့ ရောက်ရှိ၍ ဖြူးချောင်းရေစီးရေလာကောင်းမွန်မှုနှင့် ဖြူးချောင်းအား စက်ယန္တရားများဖြင့် ချောင်းဖြောင့်တူးဖော်ဆောင်ရွက်နေမှု အခြေအနေတို့အားလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညွှန်ကြား ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဘောလုံးအသင်းကို အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)



# ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ဘောလုံးအသင်းအား တွေ့ဆုံအားပေး

**နေပြည်တော် ဇွန် ၂၁**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်သည် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဘောလုံးအသင်းကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ တွေ့ဆုံအားပေး မှာကြားသည်။

ထို့နောက် အဖွဲ့ဘောလုံးအသင်းခေါင်းဆောင်က ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးပြီး အသင်းအုပ်ချုပ်သူက ဘောလုံးအသင်း ယှဉ်ပြိုင်လေ့ကျင့်မှုအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ (သတင်းစဉ်)

**❀ ကနေဒါမှ**

သွားတိုက် ဆေးဘူးများ၏ အညွှန်း၌ ပြင်သစ်ဘာသာပြန်ပါလေ့ ရှိသော်လည်း ထိုသွားတိုက်ဆေးဘူး၌ ပြင်သစ်ဘာသာပြန်စာသား ဖော်ပြထားခြင်း မရှိပေ။ ထို့ပြင် သွားတိုက်ဆေးဘူး၌ ပါရှိသော အညွှန်းစာသားများမှာလည်း စာလုံးပေါင်းများ မှားနေကြောင်း တွေ့ရသည်။

ယင်းသွားတိုက်ဆေးမှာ အမေရိကန်၌ ရောင်းချခဲ့ပြီး ပြန်သိမ်းလိုက်ရသည့် သွားတိုက်ဆေး အမျိုးအစားနှင့် အတူတူပင်ဖြစ်နိုင်ကြောင်း သိရသည်။

ပြီးခဲ့သော သီတင်းပတ်က နယူးဂျာစီ၊ နယူးယောက်၊ ပင်ဆယ်ဗေးနီးယားနှင့် မာရီပန်းမြို့များရှိ ဈေးကွက်တွင်း၌ အထက်ပါ သွားတိုက်ဆေးနှင့် အလားသဏ္ဌာန်တူသည့် သွားတိုက်ဆေးကို အသုံးမပြုရန် အမေရိကန် အစားအစာနှင့် ဆေးဝါးထိန်းချုပ်ရေးအဖွဲ့က သတိပေး ထုတ်ပြန်ထားသည်။

အမေရိကန်၌ တွေ့ရှိသော သွားတိုက်ဆေးတုများကို စမ်းသပ်ကြည့်ရာတွင် ထိုပစ္စည်းထဲ၌ ဒိုင်အီသလင်း ဂလိုင်ကော ဓာတုဓာတ်ပစ္စည်း တစ်မျိုး ပါဝင်ကြောင်း တွေ့ရသည်။ ထိုသွားတိုက်ဆေးတုများထဲသို့ ဂလီစလင်း ဓာတုပစ္စည်းတစ်မျိုး ထည့်ရမည့်နေရာ၌ ဒိုင်အီသလင်းဂလိုင်ကောကို သုံးစွဲထားသည်။ ထိုဓာတုပစ္စည်းမှာ အေးခဲခြင်းမရှိစေရန်နှင့် ဘရိတ်ဆီများ၌ အသုံးပြုသော ပစ္စည်းဖြစ်သည်။

ထိုဓာတုပစ္စည်း သုံးစွဲခြင်းသည် ကျန်းမာရေးကို ထိခိုက်နိုင်ကြောင်း အစားအစာနှင့် ဆေးဝါးထိန်းချုပ်ရေးအဖွဲ့က ဖော်ပြထားသည်။ ထို့ပြင် နယူးယောက်မြို့ရှိ စတေတန်အိုင်လန် သတင်းစာ၌လည်း လူနှစ်ဦးမှာ ယင်းသွားတိုက်ဆေးတုကို အသုံးပြုပြီးနောက် ဆေးရုံသို့ရောက်ရှိလာပြီး ၎င်းတို့မှာ ဗိုက်အောင့်ခြင်းနှင့် ခေါင်းမူးခြင်း ဝေဒနာကို ခံစားရကြောင်း သတင်းဖော်ပြထားသည်။

ဘေးဥပဒ်ပေးနိုင်သော သွားတိုက်ဆေးတုများကို ကနေဒါနှင့် အမေရိကန်နိုင်ငံတို့၌သာ တွေ့ရသည် မဟုတ် သြစတြေးလျ၊ ဒိုမီနီကန်နှင့် ပနားမားနိုင်ငံတို့၌လည်း တွေ့ရကြောင်း သိရသည်။

**အင်တာနက်**



**ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနအတွက် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး မိသားစုက (၆)ကြိမ်မြောက် သွေးလှူဒါန်းပွဲတွင် ဈေးသူ၊ ဈေးသားများ သွေးလှူဒါန်းရန်အတွက် စာရင်းပေးသွင်းပြီး သွေးများ စစ်ဆေးကြစဉ်။** (သတင်းစဉ်)

# ဘုရင့်နောင်ဈေးကြီးမိသားစု သွေးလှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန မရမ်းကုန်းမြို့ ဘုရင့်နောင်ဈေးကြီး သွေးလှူဒါန်းပွဲ ဖြစ်မြောက်ရေးကော်မတီ ဈေးသာယာရေးအဖွဲ့ကကြီးမှူး၍ (၆)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါ ဈေးသာယာရေးအဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန ဌာနခွဲမှူး ဦးအောင်နိုင်ထွေး၊ ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အတွင်းရေးမှူး ဦးခင်မောင်လွင်တို့က သွေးလှူဒါန်းရခြင်းအကြောင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာသီတာအောင်က အမျိုးသားသွေးဌာန၌ ပြည်သူများအတွက် သွေးများလက်ခံယူခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်း ပြောကြားကြသည်။

**သွေးများလှူဒါန်း**

ယင်းနောက် ဈေးသာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အလုပ်အမှုဆောင်များက (၆)ကြိမ်မြောက် သွေးလှူဒါန်းပွဲတွင် ဈေးသူ၊ ဈေးသားများ လှူဒါန်းသည့် အလှူငွေကျပ် ၁၅၈၆၇၀၀ ကို တာဝန်ခံဆရာဝန်ကြီး ဒေါက်တာသီတာအောင်အား ပေးအပ်လှူဒါန်းပြီး ဈေးသူ၊ ဈေးသား ၃၂၀ က သွေးများလှူဒါန်းကြသည်။

**ပေးအပ်**

ဘုရင့်နောင်ဈေးကြီး ဈေးသူ၊ ဈေးသားများအနေဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ (၆)ကြိမ်မြောက်အထိ အလှူငွေကျပ် ၅၅၈၆၇၀၀ ပေးအပ်လှူဒါန်းခဲ့ပြီး ဈေးသူ၊ ဈေးသား မိသားစုဝင် ၁၄၁၂ ဦးတို့က သွေးများလှူဒါန်းခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၀၇ ခုနှစ် မေလတွင် မူးယစ်ဆေးဝါး ၂၃၈ မှု ဖမ်းဆီး

**ရန်ကုန် ဇွန် ၂၁**

၂၀၀၇ ခုနှစ် မေလတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါး အမှုပေါင်း ၂၃၈ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၅၁ မှု အလေးချိန် ၉၄ ဒသမ ၂၈၇၃ ကီလို၊ ဘိန်းဖြူ ၆၁မှု အလေးချိန် ဒသမ ၄၉၇၆ ကီလို၊ ဘိန်းဆီ ၁၂မှု အလေးချိန် ၁၁ ဒသမ ၉၈၅၄ ကီလို၊ ဘိန်းညိုမှုန့် တစ်မှု အလေးချိန် ၂ ဒသမ ၉၇ ကီလို၊ အဆင့်နိမ့်ဘိန်း ၂၆မှု အလေးချိန် ၃၁၇ ဒသမ ၆၅၃ ကီလို၊ ဆေးခြောက် ၁၆မှု အလေးချိန် ၂ ဒသမ ၃၆၁၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၃ မှု ၆၃၄၆၂၂ ပြား၊ ဘိန်းစာမှုန့် ၁၁ မှု အလေးချိန် ၄ ဒသမ ၄၂၄၄ ကီလို၊ အက်ဖီဒရင်းနှစ်မှု အလေးချိန် ၆၉ ဒသမ ၅၀၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၄၃၃ ဒသမ ၇ ကီလို၊ ကေဖင်း ၁၀၂ ဒသမ ၃ ကီလို၊ ဓာတုဆေးမှုန့် ၁၀၂၇ ဒသမ ၅ ကီလို၊ ဗျူပရီနော်ဖင်း တစ်မှု ၉၅ လုံးနှင့် အခြားအမှု လေးမှုတို့ ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် တရားခံ ကျား ၂၇၈ ဦး၊ မ ၇၄ ဦး စုစုပေါင်း တရားခံ ၃၅၂ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်းသိရှိရသည်။ (သတင်းစဉ်)

# မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းမည်

**ရန်ကုန် ဇွန် ၂၁**

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီ အတွင်းက ရှမ်းပြည်နယ်၊ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ နေပြည်တော်တွင် ၀ ဒသမ ၆၇ လက်မ၊ ရွှေကျင်မြို့တွင် ၃ ဒသမ ၇၀ လက်မ၊ မော်လိုက်မြို့တွင် ၁ ဒသမ ၅၃ လက်မ၊ ကသာ မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ကလေးဝမြို့တွင် ၁ ဒသမ ၁၄ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ယနေ့နံနက် မြန်မာစံတော်ချိန် ဝ၆း၃၀ နာရီ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းသို့ရောက်ရှိခဲ့ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဗိဇာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက်မိုင် ၁၆၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်မြောက်ဘက်သို့ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ အဆိုပါ မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒက်ရှ်ကမ်းခြေကို ယနေ့ မွန်းတည့်မှ နောက် ၁၈နာရီအတွင်း ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနေသည်။

**ဇွန် ၂၂ ရက် ညနေအထိ ခန့်မှန်းချက်**

ကယားပြည်နယ်၊စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်** မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းမည်။

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၂-၆-၂၀၀၇ (သောကြာနေ့)**

**၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက် (ဥပုသ်နေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈း၀၀ ၆။ အတီးပြိုင်ပွဲ
- ၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
- ၈း၂၀ ၈။ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ English for Everyday Use.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ – တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၄း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅း၀၀ ၅။ မြန်မာစာ၊မြန်မာစကား
- ၅း၁၀ ၆။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
- ၅း၂၀ ၇။ **“မပြောမပြီး မတီးမမြည်” (နေရဲလင်း၊မောင်မောင်မြင့် ရှင်ဖုန်း၊အိမ့်ချယ်၊ဖိုးဇော်၊ ခိုင်ဆုသွယ်) (ဒါရိုက်တာ–မောင်မောင်မြင့်)**
- ၅း၃၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၅း၄၅ ၉။ **“အမျိုးသမီးများပြဿနာ အဖြေရှာ” (ကျော်သူ၊ မေသဥ္ဇာဦး၊ စိုးမိုးကြည်) (ဒါရိုက်တာ–မောင်မျိုးမင်း)**
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇း၀၀ ၁၃။ ဂုဏ်ရည်မြင့်မား စွမ်းဆောင်ရှင် မြန်မာအမျိုးသမီးများ
- ၇း၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရွှေရောင်သမ်းသော အသည်းနှလုံး” (အပိုင်း–၁၃)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ကံကြမ္မာနတ်သမီး” (အပိုင်း–၁၄)**
- ၁၉။ မင်းကွန်းဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

## ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ဒေသဖွံ့ဖြိုး စီးပွားတိုး

# မြန်မာ့ယဉ်ကျေးမှုလက်ရာ ယွန်းထည်များ

**သတင်းဆောင်းပါး-ခရမ်းစိုးမြင့်**
**ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)**

မြန်မာနိုင်ငံတွင် မိရိုးဖလာရိုးရာယဉ်ကျေးမှုနှင့် လက်မှုအနုပညာများ အသီးသီးရှိကြသည်။ ယင်းတို့တွင် မြန်မာ့ယွန်းထည်လုပ်ငန်း အတတ်ပညာသည် တစ်ခုအပါအဝင် ဖြစ်သည်။

**"ဘုရားမတင် နတ်မဝင် လူတွင် ပန်းဆယ်မျိုး"** ဟူသည့် ဆိုရိုးစကား၌ ပန်းပဲ၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းတမော့၊ ပန်းရန်၊ ပန်းပု၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းယွန်းဟူ၍ဖြစ်ပြီး ထိုပန်းဆယ်မျိုးထဲတွင် လက်မှုနှင့် အနုပညာရပ်များကို ပေါင်းစပ်ထားသည့် **"မြန်မာ့ယွန်း"**သည် ရိုးရာယဉ်ကျေးမှု အနုပညာ တစ်ရပ်ပင် ဖြစ်ပေသည်။

ယင်းပညာရပ်တို့မှာ မြန်မာနိုင်ငံတွင် ပျူခေတ်ကတည်းက ရှိခဲ့ပေသည်။ ထို့နောက် ပုဂံခေတ်တွင် ထွန်းကားလာခဲ့ပြီးအင်းဝ၊ ကုန်းဘောင်ခေတ်၊ အမရပူရနှင့် ရတနာပုံခေတ်မှသည် ယခုမျက်မှောက် ခေတ်တိုင်အောင် ရိုးရာမပျက် လုပ်ကိုင်လာခဲ့ကြရာ အဘက်ဘက်မှ တိုးတက်ပြည့်စုံလာခဲ့သည်ဟု ဆိုရပေမည်။

**မြန်မာ့ယွန်းထည် ပြုလုပ်ပုံ လုပ်ငန်းအဆင့်ဆင့်တွင် အခြေခံလုပ်ငန်းမှာ အဖြူထည်လုပ်ငန်းဖြစ်ပြီး၊ ထိုအဖြူထည်မှ အနက်ထည်နှင့် ဒီဇိုင်းဆင်ရေးဆွဲခြင်းတို့ ပြုလုပ်ရသည်။ ဝါး၊ ကြိမ်၊ စဉ့်၊ သစ်သား၊ မြင်းမီး၊ မြေနှင့်ကြွေထည်စသည့် ကုန်ကြမ်းများဖြင့် အသုံးအဆောင်ပစ္စည်းများ ပြုလုပ်ခြင်းကို အဖြူထည်လုပ်ခြင်းဟုခေါ်သည်။ ထိုအဖြူထည်ပေါ်တွင် မြန်မာနိုင်ငံတွင်ပေါက်သောမြန်မာ့သစ်စေးပင်များမှထုတ်လုပ်၍ရသည့် သစ်စေးရည်များသုတ်၍ အနက်ထည်ပြုလုပ်သည်။ ထိုအနက်ထည်ပေါ်တွင် ကနုတ်ပန်းများ၊ မြန်မာ့ ရေ မြေ တော တောင်ရှုခင်းများ၊ ဗုဒ္ဓဝင်နှင့် ရာဇဝင်ဇာတ်တော်များကို နှစ်သက်ဖွယ်ရေးခြယ်၍ ရွှေရောင်၊ ငွေရောင်နှင့် ရောင်စုံဆေးသွင်းခြင်းများ ပြုလုပ်ကြရသည်။**

**မြန်မာ့ယွန်းထည် ပစ္စည်းများတွင် ကညစ်ယွန်း၊ သရိုးပန်းကြွယွန်း၊ ရွှေဇဝါယွန်း၊ မှန်စီရွှေချယွန်းတို့ဖြင့် ပြုလုပ်ထားသည့် မြန်မာ့အနုပညာလက်ရာ ယွန်းထည်များကို တွေ့ရစဉ်။**

ဒီဇိုင်းအလှဆင်ခြင်း ကွဲပြားမှုအရ ကညစ်ယွန်း၊ သရိုးပန်းကြွယွန်း၊ ရွှေဇဝါယွန်း၊ မှန်စီရွှေချယွန်း စသည်ဖြင့် ယွန်းအမျိုးမျိုးရှိသည်။ အခြေခံလုပ်ငန်းစဉ်များအတိုင်း သိမ်မွေ့နူးညံ့စွာဖြင့် အဆင့်ဆင့် စနစ်တကျ လုပ်ဆောင်ပါက အဆင့်မီ ကောင်းမွန်သော ယွန်းထည်များကို ရရှိသည်။ သို့သော် ယွန်းပစ္စည်းကောင်းများရရှိရန်မှာ အချိန်လုံလောက်စွာ ပေးရသည်။ မြန်မာ့ယွန်းထည်လုပ်ငန်းကို ယခုအခါ ပုဂံညောင်ဦး၊ မုံရွာ၊ မန္တလေး၊ မောင်းထောင်၊ အင်းဝ၊ ကျောက္ကာ၊ ပဲခူးနှင့် ရန်ကုန်တို့အထိ တိုးချဲ့လုပ်ကိုင်နေကြသည်ဟု သိရသည်။



ကြေးမုံသတင်းအဖွဲ့သည် မကြာသေးမီက ပုဂံသို့ ရောက်ရှိသွားပြီး မြန်မာ့ယွန်းထည် လုပ်ငန်းများ လုပ်ဆောင်နေသော ပုဂံအနုပညာ လက်ဆောင်ပစ္စည်း ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းနှင့် မြင်းကပါရွာမှ ရွှေဆင်မင်းယွန်းထည်လုပ်ငန်းများသို့ ဝင်ရောက်လေ့လာခွင့်ရခဲ့သည်။ ပုဂံအနုပညာလက်ဆောင်ပစ္စည်း ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းသည် မြန်မာ့ရိုးရာဝါးဖြင့်ပြုလုပ်သော ဝါးယွန်းအပြင် ကြွေယွန်း၊ စဉ့်ယွန်းကိုပါ ထည့်သွင်းထုတ်လုပ်နေသော အနုပညာလုပ်ငန်းတစ်ခုဖြစ်ပြီး မြင်းကပါရွာမှ ရွှေဆင်မင်းယွန်းထည် လုပ်ငန်းပိုင်ရှင် ကိုဖိုးခွေး(ခ)ကိုသက်ပိုင်မှာ ယွန်းစစ်လုပ်ငန်းကိုသာ ဇောက်ချထုတ်လုပ်နေသူဖြစ်သည်။

အပူခံနိုင်ပြီး သစ်စေး စသော အခြားဓာတုဗေဒပစ္စည်းများ၏ အနံ့အသက်များ မနံဘဲ ကြွေထည်နှင့် စဉ့်ထည်များ၏ အပြင်ဘက်မှ ယွန်းတင်ထားသော ကြွေယွန်းနှင့်စဉ့်ယွန်း စမ်းသပ်အောင်မြင်မှုကို ၁၉၉၀-၉၁ခုနှစ် ပတ်ဝန်းကျင်က ရန်ကုန်တွင် ပြပွဲလုပ်၍ တာဝန်ရှိသူများကို ဖိတ်ကြားပြသခဲ့သည်။ ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး မျက်နှာစာတန်း ဆိုင်အမှတ် (၁၅) တွင် အရောင်းခန်းမ(၁)နှင့် တက္ကသိုလ် ရိပ်သာလမ်းနှင့် သံလွင်လမ်းထောင့်တွင် အရောင်းခန်းမ (၂)တို့ကို ဖွင့်လှစ်ရောင်းချလျက်ရှိနေပြီး ရွှေဆင်မင်း ယွန်းထည် လုပ်ငန်းသည် မြင်းကပါရွာတွင် ထုတ်လုပ်ပြီး မြင်းကပါရွာ၌ပင် အရောင်းခန်းမဖွင့်ကာ ပြည်တွင်းနှင့် ပြည်ပ ဆက်သွယ်ရောင်းချလျက်ရှိကြောင်း သိရသည်။

ပုဂံညောင်ဦးမြို့သစ်တွင်လည်း ဦးဘငြိမ်းနှင့် ဦးကံထွန်းတို့ ယွန်းထည်လုပ်ငန်းများမှာ အောင်မြင်ကျော်ကြား လူသိများလျက်ရှိသော ယွန်းထည်လုပ်ငန်းများ ဖြစ်ကြသည်။

**ထို့အပြင် နိုင်ငံတော်အစိုးရ သမဝါယမဝန်ကြီးဌာန လက်အောက်တွင်ရှိသော ပုဂံမြို့မှ ယွန်းသိပ္ပံကို ယခုအခါ ယွန်းပညာကောလိပ်အဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်ထားရှိကာပြည်တွင်းသာမက ပြည်ပနိုင်ငံများမှသင်တန်းသားများကို တက်ရောက်စေ၍ ယွန်းပညာများ သင်ကြားပေးလျက်ရှိသည်။**

ယခုအခါတွင် မြန်မာ့ယွန်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှု အမယ်(အမည်)ပေါင်း ၁၀၀ ကျော် ရှိသည်။ ထုတ်လုပ်မှုလုပ်ငန်းများ၏ ခြယ်သမှု ပန်းချီဒီဇိုင်းများ အနက် မြန်မာမှုပါသော ငါးရာ့ငါးဆယ် ဇာတ်တော်ကြီးများ၊ ရာဇဝင်၊ ဗုဒ္ဓဝင်နှင့် နိပါတ်တော်များ၊ ကနုတ်ပန်းများ၊ တစ်ဆယ့်နှစ်လရာသီ မြန်မာပွဲတော်များ စသည်တို့ကိုရေးဆွဲထားသော လက်ရာများကို လူကြိုက်များပြီး ကမ္ဘာလှည့်ခရီးသည်များက အထူးစွဲမက်ကြသည်ဟု ဆို၏။



**အပူခံနိုင်ပြီး သစ်စေးနှင့် အခြားဓာတုဗေဒပစ္စည်း အနံ့အသက်များမရှိဘဲ အိမ်ဧည့်ခန်းတွင် မြန်မာ့ယွန်းပညာဖြင့် အလှအပ တန်ဆာဆင်ထားသော မီးအုပ်ဆောင်းကို ထည်ထည်ဝါဝါ ခံ့ခံ့ညားညား တွေ့ရစဉ်။**

အထူးသဖြင့် မြန်မာ့ယွန်းထည်များပေါ်တွင် များသောအားဖြင့် ရေးခြယ်သ ဖော်ပြထားမှုမှာ အမျိုးဘာသာ သာသနာနှင့် ခေတ်၏ ယဉ်ကျေးမှုများကိုသာ အခြေခံရေးဆွဲကြသည်ဖြစ်၍ အမျိုးသား ယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းရာ ရောက်ပေသည်။ မြန်မာ့ယွန်းထည်သည် အစမှအဆုံးသို့တိုင် လက်မှုပညာဖြင့် ပြုလုပ်ထားသောပစ္စည်းဖြစ်၍ နိုင်ငံတကာက တန်ဖိုးထားခြင်းဖြစ်သည်။ ထို့အပြင် ဈေးကွက်ဝင်စီးပွားဖြစ် လုပ်ကိုင်ဆောင်ရွက်နိုင်သော ဈေးကွက်ဝင်လုပ်ငန်း တစ်ရပ် ဖြစ်ပါကြောင်းတို့ကို လေ့လာရေးသား တင်ပြလိုက်ရပါသည်။ ။

---

## ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၆) အမှတ်(၂) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဇွန် ၂၁**

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၆) အမှတ်(၂)ကို ယနေ့ ဖြန့်ချိလိုက်ရာ ချစ်နိုင်(စိတ်ပညာ)၏ အလင်းတံခါးများဖွင့်ကြလော့၊ ဆရာညို၏ ဒုကနိပါတ်လာ ဓမ္မဇေဇာတ်၊ မြတ်ခိုင်၏ ရေ့. . . ရေ့. . . ဘာကြောင့်ကြီး၊ စိုးသီဟစိုး၏ ဇီဝမျိုးစုံမျိုးကွဲများ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်စို့၊ ညွှန့်ဟန်(ကြူတော)၏ သျှိုးလိုက်ရတုနှင့် မြန်မာမှု၊ စန္ဒာလင်း၏ မြန်ပြည်မြောက်ဖျားမိုးယံမှ ကြယ်ခရီးကြမ်းကိုယ်တွေ့၊ ကျော်ဌေး(ဘီအေစီ)၏ သိပ္ပံနှင့်နည်းပညာ စသည့် ဆောင်းပါးများ ပါဝင်သည်။

ထို့အပြင် သံသတ္တုရိုင်းများကို ခေတ်မီနည်းပညာ နည်းစနစ်ဖြင့် အဆင့်ဆင့် ထုတ်လုပ်ပြုပြင်သည့် စက်ရုံများကို ထူထောင်သွားမည်၊ လိုအပ်ချက်အတွက် စက်ရုံသစ်များ ထပ်မံတည်ဆောက်ဦးမည်၊ မြန်မာနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံ ကဏ္ဍစုံပူးပေါင်း ဆောင်ရွက်မှု ပိုမိုဖြစ်ထွန်းမည်၊ မဟာမဲခေါင်နိုင်ငံများ၏ အရှေ့အနောက် စီးပွားရေးလမ်းကြောင်း ဖြစ်လာမည့် မဲဆောက်-မော်လမြိုင် အာရှလမ်းပိုင်း ဆက်ဖောက်မည်၊ မီဇိုးရန်-စစ်တွေ လမ်းဖောက်လုပ်ရေးအတွက် ကမ္ဘာ့ဘဏ်က ဒေါ်လာ ၁၈ သန်း ထုတ်ချေး၊ အိန္ဒိယ-မြန်မာ စတီးဝဲလမ်းမကြီးကို အကြောင်းပြု၍ စီးပွားရေးဇုန်ကြီးတစ်ခု ပေါ်ထွန်းလာမည်၊ အာဆီယံနိုင်ငံများ နည်းတူ ရုပ်မြင်သံကြားထုတ်လွှင့်မှုတွင် DVB-T စနစ် တရားဝင် ဆက်လက်သုံးစွဲရေး ဆောင်ရွက်မည်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် လေးနိုင်ငံ ဒေသခွဲ လေကြောင်း ပူးပေါင်းဆောင်ရွက်မှုဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်စေမည်၊ လေကြောင်းလိုင်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံခြားသား ခရီးသည် များစွာ ဝင်ရောက်လာမည်၊ ငွေဆောင်ကမ်းခြေ ပိုမိုဖွံ့ဖြိုးလာမည်၊ ဥရောပ-ရုရှား ဆွေးနွေးပွဲ အငြင်းပွားမှုများရှိနေဆဲ၊ တရုတ်နှင့်ဗီယက်နမ် နယ်စပ်ဒေသ ပိုင်ဆိုင်ခွင့်အပေါ် သဘောတူညီချက် ထုတ်ပြန်၊ အီရန်၏ နျူကလီးယား သန့်စင်မှုရပ်တန့်ရန် အနောက်အုပ်စု၏ ကြိုးစားမှု မအောင်မြင်၊ အိန္ဒိယနှင့် အမေရိကန်ကုန်သွယ်မှု ဆွေးနွေးပွဲ တိုးတက်မှုရရှိ စသည့် ပြည်တွင်းပြည်ပ သတင်းများ ဝေဝေဆာဆာ ဓာတ်ပုံ မြိုင်မြိုင်ဆိုင်ဆိုင် ဖော်ပြပါရှိသည်။

ရွှေနိုင်ငံဂျာနယ်ရရှိနိုင်သော နေရာများမှာ ထွန်းဦးစာပေ(မန္တလေး)၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေ၊ ဝါမိုးအောင်စာပေ၊ စာပေဗိမာန်စာအုပ်ဆိုင်၊ မနီလာစာပေ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာအုပ်ဆိုင်များဖြစ်သည်။ စာမူများပေးရန်နှင့် ဆက်သွယ်ရန် လိပ်စာမှာ စာတည်းမှူးချုပ် ရွှေနိုင်ငံဂျာနယ် အမှတ်(၂၂၈) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၂၀၇၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

---

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၂-၆-၂၀၀၇ (သောကြာနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | တရားကပေးတဲ့ချမ်းသာ တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ) |
| ၇:၅၅ | အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် |
| ၈:၁၅ | တေးဂီတအစီအစဉ် |
| ၈:၂၀ | Myanmar Video Rhythm |
| ၉:၁၀ | တေးဂီတအစီအစဉ် |
| ၉:၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၂၅ | တေးဂီတအစီအစဉ် |
| ၉:၃၀ | သာယာချိုအေး(၃၈)ဖြာ မင်္ဂလာတေး (လူမိုက်နှင့်ကင်းချမ်းသာခြင်း) |
| ၉:၄၀ | သိဖွယ်စုံလင် ရွှေစက်တော်တစ်ခွင် |
| ၁၀:၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၂၀ | လေးမျက်နှာနှင့် ဗုဒ္ဓပူဇနိယာနှစ်စဉ်ကျင်းပမှာ |
| ၁၀:၃၀ | တေးဂီတအစီအစဉ် |
| ၁၀:၃၅ | "နိဗ္ဗာန်ဆီသို့---" ဒေါက်တာချစ်ငယ်(ဒဿန) Ph.D |
| ၁၁:၀၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၁:၁၀ | ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ |
| ၁၁:၂၀ | တေးဂီတအစီအစဉ် |
| ၁၁:၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၄၀ | တေးဂီတအစီအစဉ် |
| ၁၁:၄၅ | Yangon Panorama စိုးပိုင် (One Man Show) |
| ၁၂:၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၂၀ | ကင်ဆာရောဂါသတိပြုစရာ (ပါမောက္ခ ဒေါက်တာ သီတာစန်း) |
| ၁၂:၄၀ | တေးဂီတအစီအစဉ် |
| ၁၂:၄၅ | "ဝိုင်းဝန်းပက်ဖျန်း မေတ္တာပန်း" ထောက်ကြန့်ကလေးပြုစုရေးဌာန |
| ၁:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး လုပ်ငန်းများ စံချိန်စံညွှန်းပြည့်ဝအောင် ကြပ်မတ်ရန်မှာကြား

ရန်ကုန် ဇွန် ၂၁

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းသည် ဇွန် ၁၅ရက် မွန်းလွဲပိုင်းတွင် ရွှေကျင်မြို့အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား စီမံကိန်းမှ ညွှန်ကြားရေးမှူး ဦးရွှေခိုင်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ရှေ့လုပ်ငန်းစဉ်များကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။





အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (အမှတ်-၁လျှပ်စစ်)

**ဆွေးနွေးမှာကြား**

ထို့နောက် စီမံကိန်းရှိ တာဝန်ခံ အင်ဂျင်နီယာများအား မိုးရာသီတွင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို အစွမ်းကုန် ကြိုးစားလုပ်ကိုင်ကြရေး၊ လုပ်ငန်းသုံးပစ္စည်းများကို စုဆောင်းဖြည့်ဆည်းကြရေး၊ မိုးရာသီတွင် ဖြစ်လေ့ဖြစ်ထရှိသော ချောင်းရေကြီးခြင်း၊ ရေလျှံခြင်းစသည့် သဘာဝဘေးအန္တရာယ်ကို ကာကွယ်နိုင်ရန် စီမံချက်အတိုင်း ဇာတ်တိုက်လေ့ကျင့်၍ ကြိုတင်စီစဉ် ပြင်ဆင်ထားရှိရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စီမံကိန်းမှ တာဝန်ရှိသူများလိုက်ပါ၍ ပင်မတမံလုပ်ငန်းပြီးစီးမှု၊ ရေလွှဲမြောင်းအဝင်(Inlet)မှ ရေများဖြတ်သန်းစီးဆင်းမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ၅၇ ရာခိုင်နှုန်း တည်ဆောက်ပြီးစီး၍ ဆက်လက် ဆောင်ရွက်လျက်ရှိသော ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဖိအားမြှင့် သံမဏိပိုက်လိုင်း၊ ကွန်ကရစ်လုပ်ငန်း ပိုက်လိုင်းတပ်ဆင်ခြင်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းမှ တာဝန်ရှိ အင်ဂျင်နီယာများအား လုပ်ငန်းများကို စံချိန်စံညွှန်းပြည့်ဝအောင် ကြပ်မတ်စစ်ဆေးရေး၊အလေအလွင့်နည်းပါးရေး၊ မိုးရာသီတွင် နွေရာသီအတွက် ကြိုတင်၍ ပစ္စည်းစုဆောင်းရေး၊ ယာဉ်ယန္တရားများကို မိုးရာသီတွင်ပြင်ဆင်မှုပြုလုပ်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



အဘွားဒေါ်နန်း(သုခုမရုပ်ရှင်)(၉၈)နှစ်ပြည့် မွေးနေ့နှင့် မြေး ကိုအောင်အောင်ဦး(ခေတ္တစင်ကာပူ)က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော်ကြီး ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်ငါးသိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တကေသရိန္ဒထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)



ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျားဝေဠုဝန် ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်လျက်ရှိသော ပင်မသုံးထပ်ကျောင်းဆောင်ကြီးအတွက် ပုဇွန်တောင်မြို့နယ် ၅၇ လမ်းနေ နှစ်ဖက်သောမိဘတို့ကို ဦးထိပ်ထား၍ ဒေါက်တာသန်းထွဋ်ဦး-ဒေါ်နွယ်နွယ်အောင်၊ သားမောင်စည်သူ၊ သမီး မငြိမ်းစည်သူ မိသားစုတို့က ငွေကျပ် ၁၀၃၀၀၀၀ ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဝေဠုဝန်နိကာယ ဗဟိုအကျိုးတော်ဆောင်ချုပ်ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ(အဂ္ဂမဟာပဏ္ဍိတ)ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး ကျောင်းဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းလှ(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက်လှူဒါန်း

**ရန်ကုန် ဇွန် ၂၁**

ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် အလှူငွေများလှူဒါန်းလျက်ရှိရာ မြောက်ဥက္ကလာပ (ဃ) တိုးချဲ့ရပ်ကွက် သီရိကန်သာလမ်းနေ ဦးခိုင်စိုးသား မိသားစုက ငွေကျပ် သုံးသိန်း၊ ဘောက်ထော် ပြည်သာယာ ဂီတမာလာလမ်း (ဦးဟုတ်လှိုင်)-ဒေါ်ပိုမိသားစု၊ လသာ ၂၁ လမ်း အမှတ် ၁၀၀ နေ ဦးဝင်းလှိုင်-ဒေါ်တင်တင်အေး မိသားစု၊ သုဝဏ္ဏ ၂၃ရပ်ကွက် ကံ့ကော်မြိုင်လမ်း ဒေါ်ခင်ရီမိသားစု၊ သင်္ဃန်းကျွန်းဇဝန ရပ်ကွက် သီရိဝေဘာလမ်းနေ ဦးတင်ရွှေ-ဒေါ်ကြည်မိသားစု၊ ကျောက်မြောင်း ဓမ္မစိန္တာလမ်းနေ ဒေါ်ခင်ရီ(မွေးနေ့)၊ မရမ်းကုန်း (၈)မိုင် နဝရတ်လမ်းနေ ဦးမောင်မောင်ကြီး- ဒေါ်ကျင်သန်း (အိုဆာကာသောက်ရေသန့်) မိသားစုတို့က အလှူငွေကျပ် တစ်သိန်းစီ၊ ရန်ကင်း ပြည်သာယာ ဆေးရုံလမ်း ဦးအောင်ကိုနိုင်- ဒေါ်အေးသီတာ၊သားဝေယံနိုင် မိသားစုနှင့် ပြည်သာယာ သီရိဇေယျာလမ်းနေ ဒေါ်ခင်ခင်ညွန့်နှင့် ညီမများက အလှူငွေကျပ် ငါးသောင်းစီ၊ ကမာရွတ် စံရိပ်ငြိမ်(၂) လမ်း ဦးကျော်အေး(မွေးနေ့)၊တောင်ဥက္ကလာ တော်ဝင်ရိပ်သာနေ ဦးရဲရင့်ထွန်း(မွေးနေ့) အလှူငွေကျပ်ငါးသောင်း၊ ဦးအောင်ထွန်း- ဒေါက်တာ ကြည်ကြည်လှိုင် (U.S.A)၊ ပဲခူးမြို့ ကောင်းရတနာ သစ်ခွခြံ ဒေါ်လှထွေး မိသားစု၊ အလုံ ဆင်မင်းလမ်းနေ ဦးသော်ဒါ-ဒေါ်သော်တာဝင်း မိသားစုတို့က ငွေလေးသောင်းကျပ်စီ၊ ကျောက်မြောင်း မလွကုန်းလမ်းနေ ဒေါ်အေးမေ (မွေးနေ့)၊ ဒဂုံ ဦးဝိစာရအိမ်ရာနေ ဦးဟိန်းထက်စိုး -ဒေါ်ဇင်သင်းခိုင် (၁၅ နှစ်မြောက်မင်္ဂလာ)၊ ဆရာစံမြောက် အေးစေတီလမ်းနေ ဦးစိုးသန်းမိသားစု၊ အရှေ့ရန်ကင်း ရန်အောင်လမ်းသွယ်နေ ဗိုလ်မှူးကြီးသက်ဝေ-ဒေါ်အမာနီမိသားစုနှင့်ဗဟန်းကုက္ကိုင်းလမ်းဆုံနေ တောဇိန္ဒာရာမကျောင်းတိုက်) ဦးဇဝနဉာဏတို့က အလှူငွေကျပ် သုံးသောင်းစီ၊ ရန်ကင်း ပြည်သာယာ ဂီတမာလာလမ်းနေ ဦးကျော်ရန်-ဒေါ်ခင်သက်၊ ကမာရွတ် သထုံလမ်းနေ မစောခင်အေး၊သာကေတ မာန်ပြေ ၁၄ လမ်းနေ ဒေါ်ခင်သောင်း မိသားစုတို့က ငွေကျပ် နှစ်သောင်းစီ လှူဒါန်းကြသည်။ဆေးခန်းသုံးထပ်တိုးမြှင့်ဆောင်နှင့်ဆေး၊ ဆေးပစ္စည်းနှင့်အလှူငွေများကို ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၅၃၅)**

## စိန်ပေါလ်ကျောင်းသားဟောင်း မိတ်ဆုံပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၂၁**

နှစ်စဉ်ကျင်းပမြဲဖြစ်သော စိန်ပေါလ်ကျောင်းသားဟောင်းများ၏ ခြောက်လပတ် မိတ်ဆုံပွဲကို ဇွန် ၂၉ ရက် (သောကြာနေ့) ညနေ ၆ နာရီခွဲတွင် Lion City စားသောက်ဆိုင် (ရေကြောင်းသိပ္ပံကျောင်းရှေ့) တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ ကြွရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

**သင်္ဃန်းကျွန်းမြို့နယ် ၁၆/၃ ရပ်ကွက် ကံ့ကော်ရိပ်သာလမ်းနေ ဦးငြိမ်းမောင်-ဒေါ်တင်တင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာဦးအောင်ခင် လက်ခံယူစဉ်။** (က-ပ)




**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီး အတွက် မြန်မာ့သစ်လုပ်ငန်း ပြည်ပ ရောင်းဝယ်ရေးနှင့် သစ်စက်ဌာန သစ်လုံးအရောင်းဌာနစု (၂)၏ အဋ္ဌမအကြိမ် ဒုလ္လဘရဟန်းခံ ရှင်ပြုအလှူတွင် မန်နေဂျာ ဦးလှအောင်က အလှူငွေကျပ် သုံးသိန်းကိုကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့ နာယက ဆရာတော် မိုးညှင်းအရှင်ကုလန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။**



(ကြေးမုံ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၂၂-၆-၂၀၀၇ (သောကြာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈:၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄:၁၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄:၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄:၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၂၅ | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅:၃၅ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၅ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆:၄၀ | ၁၂။ | စောင့်မျှော်ရှုစားကြိုးဝိုင်းစကား |
| ၆:၄၅ | ၁၃။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၄။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပဲပေါင်မုန့်" (အပိုင်း-၄)** |
| ၈:၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | မိုးလေဝသသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | စိုက်ပျိုးသုတ |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၀။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်းရှစ်ကွက်" (အပိုင်း-၃၉)** |
| | ၂၁။ | သင့်အတွက်မနက်ဖြန် |
| | ၂၂။ | အပိတ်နှုတ်ဆက်စကား |
| | ၂၃။ | ပြီးပါပြီ။ |

# ကွင်းဖွင့်ဖလားပွဲ ကမ္ဘောဇက ဘဏ္ဍာ/အခွန်ကိုနိုင် စွမ်းအင်က ကာကွယ်ရေးကို အနိုင်ရ

ရန်ကုန် ဇွန် ၂၁

**၂၀၀၇–၂၀၀၈ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ ကမ္ဘောဇနှင့် စွမ်းအင်အသင်းတို့ အနိုင်ရရှိသွားကြသည်။**

**(အောင်ဆန်းကွင်း)**

**ကမ္ဘောဇအသင်း – နှစ်ဂိုး**

(ရဲမောင်မောင်နှင့် ကျော်သီဟ)

**ဘဏ္ဍာ/အခွန်အသင်း – တစ်ဂိုး**

(ရန်ပိုင်)

**ဒိုင်လူကြီး – ဦးဝင်းချို**

ပွဲဦးထွက်ပွဲတွင် ရလဒ်မကောင်းခဲ့သော အသင်းနှစ်သင်းတွေ့ဆုံသောပွဲဖြစ်၍ အနိုင်ရရှိရေး ကြိုးစားကစားခဲ့ကြသည်။ ကမ္ဘောဇအသင်းမှာ ဘဏ္ဍာ/အခွန်ကို အနိုင်ရရှိလိုက်၍ အုပ်စုတက်ရန် အလားအလာကောင်းသွားပြီး ဘဏ္ဍာ/အခွန်အသင်းမှာမူ နောက်တစ်ဆင့်တက်ရန် မရေမရာဖြစ်သွားသည်။

ပထမပိုင်း ၂၁မိနစ်တွင် ရဲမောင်မောင်က ကမ္ဘောဇအသင်းအတွက် ဖွေဆော်ဦးဂိုး စတင်သွင်းယူပြီး ၂၉မိနစ်တွင် ရန်ပိုင်ကချေပဂိုး ပြန်သွင်းခဲ့သဖြင့် ပထမပိုင်းတွင် တစ်ဂိုးစီသရေကျနေသည်။ ကမ္ဘောဇအတွက် အနိုင်ဂိုးကို ဒုတိယပိုင်း ၂၉မိနစ်တွင် ကျော်သီဟက သွင်းယူခဲ့သည်။

**(သုဝဏ္ဏကွင်း)**

စွမ်းအင် – နှစ်ဂိုး

ကာကွယ်ရေး – တစ်ဂိုး

ယနေ့ပွဲအပြီးတွင် (ဂ)အုပ်စု၌ စွမ်းအင်အသင်းက နှစ်ပွဲနိုင် ခြောက်မှတ်၊ ကမ္ဘောဇအသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်၊ ဘဏ္ဍာ/အခွန်နှင့် ကာကွယ်ရေးက တစ်ပွဲသရေ၊ တစ်ပွဲရှုံး တစ်မှတ်စီရရှိထားသည်။

**ယနေ့ပွဲ**

ညနေ ၄ နာရီ

**အောင်ဆန်းကွင်း**

တပ်မတော်ကြည်းနှင့်ပို့ဆောင်ရေး

**သုဝဏ္ဏကွင်း**

သစ်တောရေးရာနှင့်မြို့တော်စည်ပင်

(ကြေးမုံ)

# အိုလံပစ်နေ့အထိမ်းအမှတ် လက်ဝှေ့ယှဉ်ပြိုင်

**ရန်ကုန် ဇွန် ၂၁**

၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် လက်ဝှေ့ပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမတွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူး ဦးစန်းမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းဇော်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။



**မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးသန်းဇော် (ဂ)အဆင့် လိုက်ဖလိုင်းဝိတ်တန်းပြိုင်ပွဲ ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။** (ကြေးမုံ)

အိုလံပစ်နေ့ လက်ဝှေ့ပြိုင်ပွဲအဖြစ် အမျိုးသမီး ၅၀ကီလိုတန်း နှစ်ပွဲ၊ (ဂ) အဆင့် ပင်းဝိတ်တန်းနှစ်ပွဲ၊ လိုက်ဖလိုင်း ဝိတ်တန်းနှစ်ပွဲ၊ ဖလိုင်းဝိတ်တန်းတစ်ပွဲ၊ ဘင်တန်ဝိတ်တန်းတစ်ပွဲ၊ လိုက်ဝိတ်တန်းတစ်ပွဲနှင့် လိုက်ဝယ်လ်တာဝိတ်တန်းတစ်ပွဲ စုစုပေါင်း ၁၀ပွဲ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက (ဂ)အဆင့် ပင်းဝိတ်တန်းပြိုင်ပွဲဆုရရှိသူများကိုအောင်နိုင်ဆု ပေးအပ်ချီးမြှင့်ပြီး အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးသန်းဇော်နှင့် အမှုဆောင်များက ဆုရရှိသူများအား ဆုများ ဆက်လက်ပေးအပ် ချီးမြှင့်ကြသည်။

(ကြေးမုံ)

# အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလားနှင့် ပြည်နယ်နှင့် တိုင်းလက်ဝှေ့ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၂၁**

၂၀၀၇ ခုနှစ် ပဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (က)အဆင့်နှင့် (၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး သက်ငယ်တန်း (ဂ)အဆင့်၊ (ခ)အဆင့် တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲကို ယနေ့ညနေပိုင်းက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ဆက်လက်ကျင်းပသည်။

**၁၂ ပွဲ ကျင်းပ**

ယနေ့ပွဲစဉ်များအဖြစ် (က)အဆင့် မစ်ဒယ်ဝိတ်တန်းတစ်ပွဲ၊ (ခ) အဆင့် လိုက်ဝိတ်တန်းနှစ်ပွဲ၊ ဘင်တန်ဝိတ်တန်းနှစ်ပွဲ၊ ဖလိုင်းဝိတ်တန်းနှစ်ပွဲ၊ လိုက်ဖလိုင်းဝိတ်တန်းနှစ်ပွဲ၊ ပင်းဝိတ်တန်းနှစ်ပွဲနှင့် (ဂ) အဆင့် လိုက်ဝယ်လ်တာဝိတ်တန်း တစ်ပွဲ စုစုပေါင်း ၁၂ ပွဲ ကျင်းပသည်။ ဇွန် ၂၂ရက်ညနေ ၃နာရီတွင် ပြိုင်ပွဲ ဆက်လက်ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)



**(ဂ)အဆင့် ဖလိုင်းဝိတ်တန်းပြိုင်ပွဲတွင် အောင်အောင် (ရှမ်းပြည်နယ်အရှေ့ပိုင်း)နှင့်ဇေယျမင်း (ရှမ်းပြည်နယ်တောင်ပိုင်း) တို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။** (ကြေးမုံ)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

ကြေးမုံ The Mirror **အင်တာနက်အားကစားသတင်းများ**

# နာကာတာအား ဂျပန်လက်ရွေးစင်အသင်း ကမ်းလှမ်း

**တိုကျို ဇွန် ၂၁**

ဂျပန်ဘောလုံးသမား ဟီဒဲတိုရှိနာကာတာသည် နိုင်ငံတကာဘောလုံးလောကမှ အနားယူသွားပြီဖြစ်သော်လည်း မိမိတို့လက်ရွေးစင်အသင်းသို့ ၎င်းပြန်လာရန် ကမ်းလှမ်းထားကြောင်း ဂျပန်အသင်းနည်းပြ အိုဗီကာအိုဆင်က ယနေ့ပြောကြားသည်။

နာကာတာသည် အသက်အရွယ်ငယ်သေးကြောင်း၊ ၎င်းသည် ဂျပန်ပြည်တွင်းတွင် သို့မဟုတ် ဥရောပအသင်းတစ်သင်းတွင် ဘောလုံးပြန်လည်ကစားမည်ဆိုပါက လက်ရွေးစင်အသင်း၌လည်း ပြန်လည်ပါဝင်ကစားရန် မိမိတို့ကမ်းလှမ်းထားကြောင်း အာရှဖလားဘောလုံးပြိုင်ပွဲဝင်ရန် ပြင်ဆင်နေသူ အိုဆင်က ပြောကြားသည်။



**နာကာတာ**

**ဂျပန်လက်ရွေးစင် ဘောလုံးသမားဟောင်း ဟီဒဲတိုရှိနာကာတာ။** (ဓာတ်ပုံ–အင်တာနက်)

မိမိသည် နာကာတာကိုသာမက ၎င်းကဲ့သို့ အရည်အသွေးရှိသည့် အခြားဘောလုံးသမားများကိုလည်း ခေါ်ယူရန်လေ့လာနေကြောင်း အိုဆင်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အသက် (၃၀)အရွယ်ရှိ နာကာတာသည် လွန်ခဲ့သည့်နှစ်က ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှ ၎င်း၏အသင်း ထွက်ခွာခဲ့ရပြီးနောက် နိုင်ငံတကာဘောလုံးလောကမှ အနားယူပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ **အင်တာနက်**

# လီယွန် ကွင်းလယ်ကစားသမား တီယာဂို ဂျူဗင်တပ်စ်အသင်းသို့ ရောက်တော့မည်

**ရောမ ဇွန် ၂၁**

စီးရီးအေဘောလုံးပြိုင်ပွဲသို့ မကြာသေးမီက အတန်းတက်ခွင့်ရရှိသည့် ဂျူဗင်တပ်စ်အသင်းသို့ လီယွန် ကွင်းလယ်ကစားသမား တီယာဂို ရောက်ရှိလာတော့မည်ဖြစ်ကြောင်း အီတလီနိုင်ငံ ရောမမြို့တွင် ယနေ့ထုတ်ဝေသော ဂေဇက်တာဒယ်လို အားကစားနေ့စဉ် သတင်းစာက ဖော်ပြသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ပေါ်တူဂီ ဘောလုံးသမား တီယာဂိုသည် ချယ်လ်ဆီးအသင်းတွင် ပါဝင်ကစားခဲ့ဖူးပြီး လွန်ခဲ့သည့် ဘောလုံးရာသီ နှစ်ရာသီ၌ ပြင်သစ်နိုင်ငံတွင် ဘောလုံးကစားခဲ့သည်။

တီယာဂို အသင်းပြောင်းရွှေ့ရေးအတွက် သဘောတူညီချက်ရရှိလုနီးအခြေအနေတွင်ရှိကြောင်း လီယွန်အသင်း၏မန်နေဂျာ မာရီနိုဖက်စီ အိုလီက ပြောကြားသည်။

ဂျူဗင်တပ်စ်အသင်းသည်တီယာဂိုအား ခေါ်ယူနိုင်ရန် ယူရို ၁၅သန်း (ဒေါ်လာ သန်း ၂၀)ခန့် သုံးစွဲရမည်ဖြစ်ကြောင်း သတင်းစာတွင် ရေးသားဖော်ပြသည်။ **အင်တာနက်**

# တိုက်စစ်မှူးတီဗက်ဇ်အား ခေါ်ယူရန် ရီးယဲလ်မဒရစ်အသင်း စိတ်ဝင်စား

**မဒရစ် ဇွန် ၂၁**

စပိန်နိုင်ငံရှိ ချန်ပီယံအသင်းဖြစ်သည့် ရီးယဲလ်မဒရစ်အသင်းသည် လာမည့်ဘောလုံးရာသီတွင် လာလီဂါဘောလုံးပြိုင်ပွဲကို ဆက်လက်လွှမ်းမိုးထားနိုင်ရန် ဘောလုံးသမားကောင်းများကို စုစည်းလျက်ရှိကြောင်း၊ ယင်းအသင်းသည် ဝက်စ်ဟမ်းအသင်း၏ အာဂျင်တီးနားတိုက်စစ်မှူး ကာလို့စ်တီဗက်ဇ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း အေအက်စ်စပို့ အားကစားနေ့စဉ်သတင်းစာက ယနေ့ရေးသားဖော်ပြသည်။

ရီးယဲလ်မဒရစ်အသင်း၏ အားကစားညွှန်ကြားရေးမှူး ပက်ဂျာမီဂျာလိုဗစ်သည် တီဗက်ဇ်၏ ကိုယ်စားလှယ် ဇီယာဂျူယာချီယန်နှင့် ဆွေးနွေးခဲ့ကြောင်း သတင်းစာတွင် ရေးသားသည်။

အသက် (၂၃) နှစ်အရွယ်ရှိ တီဗက်ဇ်သည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် ဝက်စ်ဟမ်းအသင်းအတွက် ခြေစွမ်းပြ ကစားနိုင်ခဲ့သည်။

တီဗက်ဇ်သည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှစ၍ စတင်ထင်ပေါ်ကျော်ကြားလာခဲ့ပြီး ဘရာဇီးနိုင်ငံရှိ ကော်ရင်သီယန်အသင်းတွင် ဘောလုံးရာသီ နှစ်ရာသီ ကစားခဲ့ပြီးနောက် ဝက်စ်ဟမ်းအသင်းသို့ ရောက်ရှိလာခဲ့သည်။ **အင်တာနက်**



**ပြင်သစ် လီယွန်အသင်းမှ ကွင်းလယ်ကစားသမား တီယာဂို။** *(ဓာတ်ပုံ–အင်တာနက်)*

# အာရှဖလားဘောလုံးပြိုင်ပွဲ တရုတ်အသင်း မျှော်မှန်းချက်ထား

**ပေကျင်း ဇွန် ၂၁**

မိမိ၏အသင်းသည် အာရှဖလားဘောလုံးပြိုင်ပွဲတွင် အုပ်စုကျပ်အတွင်း ကျရောက်နေသော်လည်း အုပ်စုဗိုလ်လုပွဲသို့မဟုတ် ဗိုလ်လုပွဲအထိပင် တက်လှမ်းနိုင်မည်ဟု မိမိမျှော်လင့်ကြောင်း၊ မိမိတို့အသင်းအား အားမရဖြစ်နေသည့် ဘောလုံးဝါသနာအိုးများကို အောင်မြင်မှုဖြင့် သက်သေပြနိုင်ရန် ပုံစံပြောင်းကစားသွားမည်ဖြစ်ကြောင်း တရုတ်လက်ရွေးစင်အသင်း၏ အသင်းခေါင်းဆောင် ကျန်းရှီက ယနေ့ပြောကြားသည်။

တရုတ်လက်ရွေးစင်အသင်းသည် လာမည့်လတွင် ကျင်းပမည့် အာရှဖလား ဘောလုံးပြိုင်ပွဲအကြို ထိုင်းအသင်းနှင့် အမေရိကန်မေဂျာလိဂ်ပြိုင်ပွဲဝင်အသင်း နှစ်သင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ၌ ရှုံးနိမ့်ခဲ့သည်။ သို့ရာတွင် တရုတ်အသင်းသည် သိသိသာသာ ပြောင်းလဲသွားမည့် အသင်းဖြစ်ကြောင်း ကျန်းရှီက ပြောကြားသည်။

**အစွမ်းကုန်ယှဉ်ပြိုင်မည်**

အာရှဖလားဘောလုံးပြိုင်ပွဲသည် အာရှတိုက်၌ အရေးအပါဆုံး ဘောလုံးပြိုင်ပွဲဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာအတွက် အစွမ်းကုန် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အင်တာနက်**

# တိုင်းမှူး ဗိုလ်ချုပ်ကိုကို ညောင်လေးပင်မြို့နယ်အတွင်း ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေး လိန်ပင်ချောင်းအား စက်ယန္တရားကြီးများဖြင့် တူးဖော်ချဲ့ထွင်နေမှုကို ကြည့်ရှုစစ်ဆေး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး တာဝန်ရှိသူအားလုံး ဝိုင်းဝန်းကြိုးပမ်းရန် မှာကြား

နေပြည်တော် ဇွန် ၂၁

**ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် တိုင်းအတွင်းရေးမှူး ဦးဖေသိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၃ ရက် နံနက်ပိုင်းက ညောင်လေးပင်မြို့နယ် မိုင်တိုင် (၁၀၀/၄) မိုင်ရှိ လိန်ပင်ချောင်းအား တူးဖော်ချဲ့ထွင်၍ ရေစီးရေလာ ကောင်းမွန်မှုအခြေအနေအား ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် တိုင်းမှူးသည် မိုင်တိုင်အမှတ် (၉၁)မိုင်ရှိ ရဲနွယ်ချောင်းတံတားသို့ရောက်ရှိ၍ ရဲနွယ်ချောင်း ရေစီးရေလာကောင်းမွန်မှုအခြေအနေနှင့် တံတားကြံ့ခိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ကျူချောင်းအနောက်အုပ်စု ကျေးရွာအနီးတွင် ဒေသအတွင်း ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးအတွက် လိန်ပင်ချောင်းအား စက်ယန္တရားကြီးများဖြင့် တူးဖော်ချဲ့ထွင်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ***

## အင်တာနက်သတင်း

## ကနေဒါတွင် သွားတိုက်ဆေးတုများ တွေ့ရ

**အော့တဝါ ဇွန် ၂၁**

ကနေဒါနိုင်ငံ အွန်တေရီရိုဒေသ၌ သွားတိုက်ဆေး အတုအပများ ဝင်ရောက်လာသဖြင့် ယင်း သွားတိုက်ဆေးများကို ကနေဒါ ကျန်းမာရေးအဖွဲ့က စုံစမ်းစစ်ဆေးလျက် ရှိသည်။

တစ်ချိန်တည်း၌ပင် ယင်းသို့ သွားတိုက်ဆေး အတုအပများ ဝင်ရောက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်နေဆဲဟူသော သတင်းရရှိပြီးနောက် ဟာလီဖက်မြို့နှင့် စိန့်ဂျွန်မြို့များရှိ အလားတူသော သွားတိုက်ဆေးများကို ဆိုင်များ၌ မရောင်းချဘဲ ပြန်လည်သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အွန်တေရီရိုမြို့ ကမ်ဘရစ်၌ ဒေသမှ လူတစ်ဦးသည် ကိုးလ်ဂိတ် အမှတ်တံဆိပ်ပါရှိသည့် သွားတိုက်ဆေးကို ဝယ်ယူအသုံးပြုပြီးနောက်ပိုင်းမှ ကနေဒါ ကျန်းမာရေးဌာနက စုံစမ်းစစ်ဆေးမှုများ စတင်ခဲ့ခြင်းဖြစ်သည်။ ထို သွားတိုက်ဆေးမှာ တောင်အာဖရိကနိုင်ငံရှိ ကိုးလ်ဂိတ်-ပါးမိုးလစ် ကုမ္ပဏီက ထုတ်လုပ်သည်ဟု ဖော်ပြထားကြောင်း တွေ့ရှိရသည်။

ထိုသွားတိုက်ဆေးကို ဂုတ်ဖ်ဒေါ်လာစတိုးမှ တစ်ဘူး ဝယ်ယူခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁**

# NLD ပါတီသည် အာဏာရရှိရေးကိုသာ ရှေ့တန်းတင်ပြီး အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ပစ်ပယ်၍ နိုင်ငံနှင့် လူမျိုးအကျိုး ပျက်စီးအောင် ရှေးရှုလုပ်ဆောင် ဝါးခယ်မမြို့နယ်မှ ပါတီဝင် ၄၀ စုပေါင်း နုတ်ထွက်

ရန်ကုန် ဇွန် ၂၁

**ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များ ဖြစ်ကြသော ဦးဖိုးငို၊ ဦးဖိုးနီ၊ ဦးချစ်ဝင်းတို့ အပါအဝင် ပါတီဝင် ၄၀ တို့သည် ဇွန် ၁၄ ရက်တွင် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။**

ဝါးခယ်မမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီသည် အာဏာရရှိရေးကိုသာ ရှေ့တန်းတင်လုပ်ဆောင်ပြီး အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ပစ်ပယ်၍ နိုင်ငံနှင့် လူမျိုးအကျိုး ပျက်စီးရာ ပျက်စီးကြောင်း ရှေးရှုလုပ်ဆောင်နေခြင်းကြောင့် NLD ပါတီအပေါ် စိတ်ပျက်လာပြီး NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုမှု မရှိတော့သဖြင့် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

## သတင်းဆောင်းပါးနှင့် အားကစားသတင်းများ အညွှန်း



**ယခုအခါ မြန်မာ့ယွန်းထည် ထုတ်လုပ်မှုမှာ အမယ်ပေါင်း ၁၀၀ ကျော် ရှိသည်။ မြန်မာ့ယွန်းထည်သည် အစမှ အဆုံးတိုင် လက်မှုပညာဖြင့် ပြုလုပ်ထားသော ပစ္စည်းဖြစ်၍ နိုင်ငံတကာက တန်ဖိုးထားသော ဈေးကွက်ဝင် လုပ်ငန်းတစ်ရပ်လည်း ဖြစ်သည်။**

ခရမ်းစိုးမြင့်၏ ***"မြန်မာ့ယဉ်ကျေးမှုလက်ရာယွန်းထည်များ"***

(သတင်းဆောင်းပါး) စာမျက်နှာ-၁၀



**ဂျပန်ဘောလုံးသမား နာကာတာသည် နိုင်ငံတကာ ဘောလုံးလောကမှ အနားယူသွားပြီဖြစ်သော်လည်း ဂျပန်လက်ရွေးစင်အသင်းသို့ ပြန်လာရန် ကမ်းလှမ်းထားကြောင်း ဂျပန်အသင်းနည်းပြ အိုဇီကာအိုဆင်က ပြောကြားသည်ဟု အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။**

**နိုင်ငံတကာ အားကစားသတင်းများ-** စာမျက်နှာ-၁၂

## မုန်တိုင်းငယ်ရွေ့လျားမည်

**နေပြည်တော် ဇွန် ၂၁**

ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းသို့ ရောက်ရှိခဲ့ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။

အဆိုပါ မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဗီဇာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် မိုင် ၁၆၀ ခန့်အကွာပင်လယ်ပြင်ကိုဗဟိုပြုနေပြီး အနောက်မြောက်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိသည်။ (သတင်းစဉ်)